# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလဆန်း (၄)ရက် ၊ စနေနေ့ ၊ (18-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၇၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဥ္စမအစည်းအဝေး ပထမနေ့ ကျင်းပ

စာမျက်နှာ - ၁၉

## ဒုတိယသမ္မတ ဦးညိုစော နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၇

နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာနရုံးအမှတ် (၃၉) အင်ကြင်းခန်းမ၌ ကျင်းပရာ နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

စာမျက်နှာ ၁၈ ကော်လံ ၁

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပဥ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် မိန့်ခွန်းပြောကြား

စာမျက်နှာ - ၁၈

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း အားလျော့သွားခဲ့ပြီးဖြစ်

နေပြည်တော် ဇူလိုင် ၁၇


ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်ခဲ့သော အားကောင်းသောလေဖိအားနည်းရပ်ဝန်း(Well Marked Low Pressure Area)သည် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) အဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်ကာ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း တဖြည်းဖြည်းအားလျော့သွားမည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## ပွင့်လင်းခရီးသွားရာသီ၌ ဝါးအလယ်ကျွန်းသို့ ဥရောပခရီးသွားများ ယမန်နှစ်ထက် ပိုမိုဝင်ရောက်မည်ဟု ခန့်မှန်းထား


ရန်ကုန် ဇူလိုင် ၁၇

အာဆီယံအမွေအနှစ်စာရင်းဝင် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်းရှိ ဝါးအလယ်ကျွန်း(Wa Ale Resort)သို့ နှစ်စဉ်နိုင်ငံခြားခရီးသွားများ ဝင်ရောက်လျက်ရှိရာ ယခုလာမည့်ခရီးသွားရာသီ၌ ယမန်နှစ်ကထက် ဥရောပနိုင်ငံများမှ ခရီးသွားများ ပိုမိုဝင်ရောက်လာမည်ဟု ခန့်မှန်းထားကြောင်း

စာမျက်နှာ ၂၆ ကော်လံ ၁



အာဆီယံအမွေအနှစ်စာရင်းဝင် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်းရှိ ဝါးအလယ်ကျွန်းအပန်းဖြေစခန်း ဒီရေတောတွင် နိုင်ငံခြားသားခရီးသွားများ ကယက်လှော်စီး၍ အပန်းဖြေနေမှုကို တွေ့ရစဉ်။




## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇူလိုင် ၁၇

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၅ ရက်အတွင်း နေပြည်တော်၊

စာမျက်နှာ ၂၆ ကော်လံ ၄

## အမည်မည်းနှင့် အမြဲမနေစေလို

ဆောင်းပါး စာမျက်နှာ - ၉

## အကျိုးကျေးဇူးများသည့် တစ်ပြိုင်တည်း ဝါကောက်သိမ်းခြင်း

ဆောင်းပါး စာမျက်နှာ - ၁၀

ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၁၈ ရက်
အယ်ဒီတာ့အာဘော်

## လူမှုစီးပွားဘဝတိုးတက်ဖို့ ဆိုလာလျှပ်စစ်စွမ်းအင်အသုံးချမှု မြှင့်တင်ကြပါစို့

စက်မှု၊ စိုက်ပျိုးရေး၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပြင် ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝတွင်လည်း လျှပ်စစ်ဓာတ်အားသည် မရှိမဖြစ်လိုအပ်သော စွမ်းအင်အရင်းအမြစ်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားရန်အတွက် အလွန်အရေးကြီးသည့်လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

လက်ရှိမြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့အပေါ် အဓိကအားထားနေရသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုတွင် စိန်ခေါ်မှုများရှိနေသကဲ့သို့ ကမ္ဘာ့စွမ်းအင်ဈေးနှုန်းမတည်ငြိမ်မှုများသည်လည်း နိုင်ငံ၏စွမ်းအင်လုံခြုံရေးအတွက်စဉ်းစားစရာဖြစ်လာသောကြောင့် ရေရှည်စွမ်းအင်လုံခြုံမှုရရှိစေရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်လိုအပ်လျက်ရှိသည်။

နေရောင်ခြည်စွမ်းအင်ခေါ် ဆိုလာလျှပ်စစ်စွမ်းအင်ကို အသုံးပြုခြင်းသည် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံသာမက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လောင်စာဆီအသုံးပြုမှုလျှော့ချရေးနှင့် ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးတို့တွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ထို့ပြင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်များသည် လည်ပတ်စရိတ်နည်းပါးခြင်း၊ ထိန်းသိမ်းရလွယ်ကူခြင်း၊ ဓာတ်အားလိုင်းမရောက်ရှိသည့်ကျေးလက်ဒေသများထိ လွယ်ကူစွာအသုံးပြုနိုင်ခြင်းတို့ကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝကိုတိုးတက်စေပြီး ဒေသဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြုနိုင်သည့်အပြင် နေရောင်ခြည်စွမ်းအင်သည် မကုန်ခန်းနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သဖြင့် အနာဂတ်စွမ်းအင်လုံခြုံရေးအတွက် အရေးပါသည့်ရွေးချယ်မှုတစ်ခုဖြစ်သည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ နေရောင်ခြည်စွမ်းအင်ကို အလွန်ကောင်းမွန်စွာရရှိနိုင်သည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏သဘာဝအရင်းအမြစ်နှင့် ကိုက်ညီသည့်ဆိုလာဓာတ်အားပေးစီမံကိန်းများကို နိုင်ငံ၏စွမ်းအင်ကဏ္ဍတွင် ပါဝင်မှုတိုးမြှင့်သည့်အနေဖြင့် နိုင်ငံတော်အစိုးရက မဟာဓာတ်အားလိုင်းများအတွင်းသို့ သင့်တင့်သောအချိုးအစားဖြင့် ဆိုလာစနစ်ကို ထည့်သွင်းနိုင်ရေးနှင့် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ မိမိတို့အစီအစဉ်ဖြင့် Solar Home System စနစ်ကို တပ်ဆင်အသုံးပြုနိုင်ရေး နည်းလမ်းနှစ်ခုဖြင့် အားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ်သိသာစွာ ပါဝင်လာစေရန်ရည်ရွယ်သည့် နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက်က နေပြည်တော်၌ ကျင်းပခဲ့ရာ ထိုဆွေးနွေးပွဲတွင် တွေ့ကြုံနေရသည့်နည်းပညာဆိုင်ရာ ကန့်သတ်ချက်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲများကို ဆွေးနွေး၊ အဖြေရှာခဲ့ကြသဖြင့် အကျိုးရှိထိရောက်သည့်အစီအမံများနှင့် စီမံကိန်းများသည် လျင်မြန်စွာ အကောင်အထည်ပေါ်လာမည်ဖြစ်သည်။

နေရောင်ခြည်စွမ်းအင်သည် မြန်မာနိုင်ငံတွင် ပေါများစွာရရှိနိုင်သည့်သန့်ရှင်းသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်ပြီး နိုင်ငံ၏စွမ်းအင်လုံခြုံရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝတိုးတက်ရေးအတွက် အရေးပါသော အရင်းအမြစ်ဖြစ်သောကြောင့် နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ ဆိုလာလျှပ်စစ်စွမ်းအင်ကို ပုဂ္ဂလိကနှင့် ပြည်သူအားလုံးက ပူးပေါင်း၍ပိုမိုကျယ်ပြန့်စွာအသုံးချနိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ဝမ်းတွင်းမြို့နယ် ရွာသစ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ဝမ်းတွင်း ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းနှင့်ပတ်သတ်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် တာဝန်ရှိသူများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါရွာသစ်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူ့ထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

## အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၉၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အရာတော် ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၉၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၁၆၉၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၄၉၈၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ မြေပဲ ဧက ၁၆၉၈၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၁၄၉၈၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

အရာတော်မြို့နယ်တွင် မြေပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။

(၂၀၆)

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးရံ့ပိဿာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိတဲ့ ငါးရံ့အပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ဇွန်လအတွင်း ငါးရံ့ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ငါးရံ့တွေ တင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ပြည်တွင်းမှာကို ဝယ်လိုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်"ဟု ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၉၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၂၁၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ် ၂၇၀၀၀၀ မှ ၂၉၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ညောင်ဦးမြို့နယ် သန့်စင်ကြယ်ကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကုန်းတန်းကြီးကျေးရွာအုပ်စု သန့်စင်ကြယ်ကျေးရွာ၌ တတိယအကြိမ် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူလှက သန့်စင်ကြယ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားဝင်ငွေတိုးလုပ်ငန်း လုပ်ကိုင်ကြသူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်၊ အဆိုပါ လုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ဖြူဖြူလှနှင့် တာဝန်ရှိသူများက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၆၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သန့်စင်ကြယ်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သည့် အစုအဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ဦးရေ ၄၀ ကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၆၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ အောင်ပင်လယ်ရပ်နေ ဦးစိုးစိုးမြင့်- ဒေါ်သန်းမြတ်ဦး မိသားစုက ဦးဗိုလ်နီ - ဒေါ်ခင်ဦးတို့အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ ဥက္ကဋ္ဌ ဦးစိုးလင်း၊ လူမှုရေးဆပ်ကော်မတီအဖွဲ့ဝင် ဦးနေလင်းအောင်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ မြတ်ကျော်တို့က လက်ခံရယူစဉ်။

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၃၈၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၈၂၆ ဧက စိုက်ပျိုးရန် လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် ၁၇၅ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၃၀၀၀၊ ထီးချိုင့်မြို့နယ်တွင် ဧက ၁၃၀၊ ဗန်းမောက်မြို့နယ်တွင် ၅၄၅ ဧက စုစုပေါင်း ဧက ၃၈၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ဟင်းသီးဟင်းရွက် ဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ မုန်ညင်း၊ ဂေရုတ်၊ နံနံ၊ အာလူး၊ ပန်းဂေါ်ဖီ၊ ခရမ်း၊ ဂေါ်ဖီထုပ်၊ ကိုက်လန် စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ကသာခရိုင်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၈၅၅ ဧက၊ အင်းတော်မြို့နယ်တွင် ၄၀၂၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၁၂၅၆ ဧက၊ ဗန်းမောက်မြို့နယ်တွင် ဧက ၂၆၉၀ စုစုပေါင်း ၈၈၂၆ ဧကဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

(၂၀၆)

# သာစည်မြို့နယ် မရွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇူလိုင် ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မရွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မရွေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၆ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

မရွေးကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၉၈ ဦးကို ငွေကျပ် ၂၇ ဒသမ ၀၇၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ကိုးသန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၉ ဦးကို ငွေကျပ် ၁၆ ဒသမ ၅၂၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ စပါးတင်းရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဇလွန် ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ရက် ၉၀ စပါးတင်းရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်စပါးများ တင်ပို့ရောင်းချလျက်ရှိရာ မေလအတွင်း ရက် ၉၀ စပါးတင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လအတွင်း ရက် ၉၀ စပါးတင်းရေ ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇလွန်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇွန်လအတွင်း ရက် ၉၀ စပါးတင်းရေ အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ဇလွန်မြို့နယ်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ဒီရက် ၉၀ စပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ရက် ၉၀ စပါးကို ရန်ကုန်ဈေးကွက်က အခုဇူလိုင်လထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ဇွန်လအတွင်းမှာကော လတ်တလော အနေနဲ့ပါ ရက် ၉၀ စပါးက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ တင်ပို့ရောင်းချအားကောင်းလာသောကြောင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အဆင်ပြေနေကြောင်း ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



# ထောပတ်ပဲနှင့်ကျန်းမာရေး

ဒေါက်တာလပြည့်ခင်

**ထောပတ်ပဲ**

ထောပတ်ပဲသည် မြန်မာနိုင်ငံ၌သာမက ကမ္ဘာတစ်ဝန်းတွင်ပါ လူကြိုက်များပြီး အာဟာရဓာတ်အလွန်ကြွယ်ဝသည့် ပဲအမျိုးအစားတစ်ခုဖြစ်ပြီး နူးညံ့အိစက်၍ ထောပတ်ကဲ့သို့ ဆိမ့်မွှေးသည့်အရသာကြောင့် ထောပတ်ပဲဟုခေါ်ကြခြင်းဖြစ်သည်။ ထောပတ်ပဲကို အချို့ဒေသများတွင် ပဲထောပတ်ဟုလည်း ခေါ်ကြသည်။ ထောပတ်ပဲ၏ မျိုးရင်း(Family)မှာ Fabaceae ပဲမျိုးရင်းဖြစ်ပြီး သိပ္ပံအမည်မှာ Phaseolus lunatus ဖြစ်သည်။ ထောပတ်ပဲ၏ မူရင်းဒေသသည် တောင်အမေရိကတိုက်ရှိ ပီရူးနိုင်ငံဖြစ်ပြီး အင်္ဂလိပ်လို Butter Bean သို့မဟုတ် Lima Bean ဟုခေါ်သည်။

**ထောပတ်ပဲဇာစ်မြစ် (Origin)**

ထောပတ်ပဲ၏ မူလဇာစ်မြစ်မှာ တောင်အမေရိကနှင့် ဗဟိုအမေရိက (အထူးသဖြင့် ပီရူးနိုင်ငံနှင့် မက္ကဆီကိုနိုင်ငံ) ဖြစ်သည်။ ပီရူးနိုင်ငံ၏မြို့တော် လီမာ (Lima)ကို အစွဲပြုပြီး ကမ္ဘာပေါ်တွင် "Lima Bean" ဟု လူသိများလာခဲ့ခြင်းဖြစ်သည်။ ထောပတ်ပဲသည် ၁၆ ရာစုအတွင်း စပိန်လူမျိုးများမှတစ်ဆင့် ဖိလစ်ပိုင်၊ ထိုမှတစ်ဆင့် မြန်မာနိုင်ငံ အပါအဝင် အာရှတိုက်နှင့် ကမ္ဘာ့အနှံ့အပြားကို ပျံ့နှံ့ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

**ထောပတ်ပဲအမျိုးအစား**

ထောပတ်ပဲကို အမေရိကန်နိုင်ငံ၊ တရုတ်၊ အာဖရိကတိုက်ရှိ နိုင်ငံအချို့နှင့် အာရှနိုင်ငံအချို့တွင် စီးပွားဖြစ် အကြီးအကျယ် စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံသည် အာရှတွင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု အမြင့်မားဆုံးနိုင်ငံများအတွင်းမှ တစ်နိုင်ငံဖြစ်သည်။

**မြန်မာတို့၏ ထောပတ်ပဲစားသုံးမှုပုံစံ**

မြန်မာနိုင်ငံတွင် ထောပတ်ပဲကို ပုံစံမျိုးစုံနှင့် ချက်ပြုတ်စားသုံးကြသည်။ ထောပတ်ပဲကို ကြက်သား၊ ဝက်သား သို့မဟုတ် ပုစွန်ခြောက်တို့နှင့် ဆီပြန်ဟင်းအဖြစ်သော်လည်းကောင်း၊ သက်သတ်လွတ်ဟင်းလျာအဖြစ်သော်လည်းကောင်း ချက်ပြုတ်စားသုံးကြသည်။ ထောပတ်ပဲကို အချိုချက်ပြီး မုန့်နှစ်အဖြစ်ပြုလုပ်၍ (ဥပမာ- ပဲကိတ်ကဲ့သို့ ပြုလုပ်၍ မုန့်ပဲသရေစာအဖြစ်လည်း စားသုံးကြသည်။

**ထောပတ်ပဲတွင်ပါဝင်သောအာဟာရဓာတ်ဖိုးများ**

ထောပတ်ပဲတွင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် အမျှင်ဓာတ်၊ အာဟာရဓာတ်များနှင့် သံဓာတ် (Iron)၊ ပိုတက်စီယမ် (Potassium)၊ မဂ္ဂနီစီယမ် (Magnesium) နှင့် ဗီတာမင် B6 တို့ ကြွယ်ဝစွာ ပါဝင်သည်။ ထောပတ်ပဲတွင် အပင်မှရသည့် ပရိုတင်းဓာတ် (Protein) ကြွယ်ဝသောကြောင့် သက်သတ်လွတ်စားသူများအတွက် အလွန်ကောင်းမွန်သည်။ အမျှင်ဓာတ်မြင့်မားစွာ ပါဝင်သောကြောင့် အစာခြေစနစ်ကိုကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းမှ ကာကွယ်ပေးသည်။

**ထောပတ်ပဲ၏ကောင်းကျိုးဆိုးကျိုးများ**

ထောပတ်ပဲသည် ခန္ဓာကိုယ်အတွက် အလွန်အကျိုးပြုသည့် အစားအစာတစ်ခုဖြစ်သော်လည်း တန်ဆေးလွန်ဘေးဆိုသကဲ့သို့ အလွန်အကျွံစားသုံးမိလျှင် ဖြစ်လာနိုင်သည့် ဆိုးကျိုးအချို့လည်းရှိသောကြောင့် ကျန်းမာရေးအတွက် ကောင်းကျိုးနှင့်ဆိုးကျိုးများကို ဖော်ပြသွားမည်ဖြစ်သည်။

**သွေးချိုထိန်းညှိပေးနိုင်ခြင်း**

ထောပတ်ပဲတွင် Glycemic Index (GI)နည်းပါးသည့် အစားအစာဖြစ်သောကြောင့် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက် မြင့်တက်မသွားစေရန် ထိန်းချုပ်ပေးနိုင်သည်။

**ဆီးချိုရောဂါကို ထိန်းချုပ်ပေးနိုင်ခြင်း**

ထောပတ်ပဲတွင်ပါဝင်သည့် ကာဗိုဟိုက်ဒရိတ် (Carbohydrate) သည် ခန္ဓာကိုယ်ထဲတွင် ဖြည်းဖြည်းချင်း သကြားဓာတ်ပြောင်းလဲသောကြောင့် သွေးတွင်းသကြားဓာတ်ကို ရုတ်တရက် တက်မသွားအောင် ထိန်းညှိပေးပြီး ဆီးချိုသမားများအတွက် အထူးသင့်လျော်သည်။



**ထောပတ်ပဲ၏ ကျန်းမာရေးကောင်းကျိုးများ**

**ကိုယ်ခံအားကောင်းစေနိုင်ခြင်း**

ထောပတ်ပဲတွင် အပင်မှရရှိသောပရိုတင်းဓာတ် (Protein) ကြွယ်ဝစွာပါဝင်သောကြောင့် ကြွက်သားတည်ဆောက်မှု၊ တစ်ရှူးများပြုပြင်မှုနှင့် ခုခံအားစနစ်အတွက် မရှိမဖြစ်လိုအပ်သည့် ပရိုတင်းဓာတ်ကို ကောင်းစွာဖြည့်ဆည်းပေးသည်။

**နှလုံးကျန်းမာရေးကိုမြှင့်တင်ပေးနိုင်ခြင်း**

ထောပတ်ပဲတွင် ပါဝင်သော ဒြပ်စင်တစ်ခုဖြစ်သည့် ပျော်ဝင်လွယ်သောအမျှင်ဓာတ် (Soluble Fiber) သည် သွေးတွင်းမှမကောင်းသည့်ကိုလက်စထရော (LDL) ကိုလျှော့ချပေးပြီး ပိုတက်စီယမ် (K) နှင့် မဂ္ဂနီစီယမ် (Mg) တို့က သွေးဖိအားကိုထိန်းညှိပေးသဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကိုလျှော့ချပေးပြီး နှလုံးကျန်းမာရေးကို စောင့်ရှောက်ပေးသည်။

**အစာခြေစနစ်ကောင်းမွန်ပြီး ဝမ်းမှန်စေနိုင်ခြင်း**

ထောပတ်ပဲတွင် အမျှင်ဓာတ် (Fiber) ကြွယ်ဝစွာပါဝင်သောကြောင့် အူလမ်းကြောင်း လှုပ်ရှားမှုကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသည်။

**သွေးအားကောင်းစေနိုင်ခြင်း**

ထောပတ်ပဲတွင် သံဓာတ် (Iron) ပါဝင်မှုမြင့်မားသောကြောင့် အမျိုးသမီးများနှင့် သွေးအားနည်းရောဂါ ခံစားနေရသူများအတွက် သွေးနီဥဆဲလ် (Red Blood Cell) ထုတ်လုပ်မှုကို အထောက်အကူပြုသည်။

**ကိုယ်အလေးချိန်ထိန်းညှိပေးနိုင်ခြင်း**

ထောပတ်ပဲတွင် အမျှင်ဓာတ်နှင့် ပရိုတင်းကြောင့် စားပြီးလျှင် ရင်ပြည့်လွယ်စေပြီး မကြာခဏ ဆာလောင်မှုကို သက်သာစေသည်။

**သတိပြုရန်လိုသောထောပတ်ပဲ**

ထောပတ်ပဲစိမ်း (အစိမ်းလိုက်)တွင် သဘာဝအလျောက် အဆိပ်အတောက်ဖြစ်စေသည့် ဒြပ်ပေါင်း (Cyanogenic glycosides) အနည်းငယ်ပါဝင်တတ်သောကြောင့် မစားသုံးမီ သေချာစွာပြုတ်ချက်ပြီးမှသာ စားသုံးသင့်သည်။ ချက်ပြုတ်လိုက်လျှင် အဆိုပါ အဆိပ်အတောက်များအား လုံးပျက်ပြယ်သွားသောကြောင့် စိတ်ချစွာစားသုံးနိုင်သည်။

**ကျန်းမာရေးဆိုးကျိုးများနှင့် သတိပြုရန်အချက်များ (Side Effects & Precautions)**

ထောပတ်ပဲအစိမ်းတွင် Linamarin ဟုခေါ်သည့် ဒြပ်ပေါင်းတစ်မျိုးပါဝင်ပြီး ခန္ဓာကိုယ်ထဲရောက်သွားပါက ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက် (Hydrogen Cyanide) ဟုခေါ်သည့် အဆိပ်ငွေ့အဖြစ် ပြောင်းလဲနိုင်သည်။ ထိုသို့မဖြစ်စေရန် ပဲကိုမချက်ပြုတ်မီ ရေစိမ်ထားခြင်း၊ ရေနွေးပွက်ပွက်ဆူအောင်ပြုတ်ခြင်းနှင့် အဖုံးဖွင့်ချက်ခြင်းတို့ကို ပြုလုပ်ပေးပါက အဆိုပါဓာတ်များအားလုံး ပျက်ပြယ်သွားပြီး ဘေးဥပဒ်လုံးဝမရှိနိုင်တော့ပေ။

ထောပတ်ပဲတွင် အမျှင်ဓာတ် (Fiber) နှင့် ကာဗိုဟိုက်ဒရိတ်တစ်မျိုးဖြစ်သည့် Oligosaccharides ကြွယ်ဝလွန်းသောကြောင့် ပဲကို တစ်ခါတည်းနှင့် အများကြီးစားမိပါက အူလမ်းကြောင်းတွင် ဓာတ်ငွေ့ (Gas) များဖြစ်ပေါ်ပြီး လေပွခြင်း၊ ဗိုက်ကယ်ခြင်းများ ခံစားရနိုင်သည်။

ထောပတ်ပဲတွင် ပျူရင် (Purines)ဓာတ်ပါဝင်မှု မြင့်မားသောကြောင့် ဂေါက်ရောဂါ (Gout) ရှိသူများနှင့် ကျောက်ကပ်ရောဂါအခံရှိသူများအနေဖြင့် အလွန်အကျွံစားသုံးပါက ရောဂါအခြေအနေကို ပိုဆိုးရွားစေနိုင်သည်။

ထောပတ်ပဲတွင် ပဲမျိုးစုံ၌ပါလေ့ရှိသည့် Phytic acid ပါဝင်မှုကြောင့် ခန္ဓာကိုယ်မှ သွပ်ဓာတ် (Zinc)၊ သံဓာတ် (Iron) နှင့် ကယ်လ်စီယမ် (Ca)စုပ်ယူမှုကို အနည်းငယ် နှောင့်နှေးစေနိုင်သည်။ သို့ရာတွင် ပဲကိုမချက်မီ ရေစိမ်ပြီးဖြစ်စေ၊ သေချာဆေးကြောပြီးမှဖြစ်စေချက်ပြုတ်လျှင် အဆိုပါဓာတ်များ လျော့နည်းသွားသည်။

**ထောပတ်ပဲအနှစ်ချုပ်**

အရသာကောင်းမွန်ကာ ဗီတာမင်နှင့်သတ္တုဓာတ်များစွာပါဝင်ပြီး လူကြိုက်များသည့် ထောပတ်ပဲကို စနစ်တကျ သေချာကျက်အောင် ချက်ပြုတ်ပြီး အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုသကဲ့သို့ သင့်တင့်မျှတစွာ စားသုံးမည်ဆိုပါက ဆိုးကျိုးမရှိဘဲ ခန္ဓာကိုယ်အတွက် အလွန်အကျိုးပြုသည့် ကျန်းမာရေးစွမ်းပကားများကို ရရှိစေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၂၃၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကလေး ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၀၂၃၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၇၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၂၃၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ နှမ်း ၂၄၇၇၉ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာတော့ ၁၀၂၃၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့၊ နှမ်း စိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေးက ပြောပြသည်။

ကလေးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေး က ပြောပြ၍ သိရသည်။

(၂၀၆)

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၄၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မင်းကင်း ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၄၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၅၅၅၃ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၄၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ ပဲတီစိမ်းဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့၊ ဓာတ်မြေဩဇာတွေ စနစ်တကျသုံးစွဲဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။

(၂၀၆)

# သထုံမြို့နယ် သောင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

သထုံ ဇူလိုင် ၁၇

မွန်ပြည်နယ် သထုံခရိုင် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်လွင်၊ သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်နှင့် ဝန်ထမ်းများက သောင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စီမံကိန်းဆိုင်ရာ ငွေစာရင်းဇယားများ ဖြည့်သွင်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ သောင်ကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၅ ဒသမ ၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၁၅ ဒသမ ၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၄ ဒသမ ၈ သိန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၆ သိန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၂ ဒသမ ၈ သိန်း စုစုပေါင်း အသင်းသားအသင်းသူ ၄၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်ထံမှ သိရသည်။

သုတ

## ရာသီသဘာဝမျှတဖို့ သစ်ပင်စိုက်ကြစို့

- သစ်ပင်တွေ ပေါကြွယ်ဝ
သာယာလှ ပတ်ဝန်းကျင်၊
လူသားတွေ ကောင်းကျိုးပြု
နေထိုင်မှုပင်၊
စိုက်ကြပျိုးကြ စုံစုံလင်
ထာဝစဉ် ရှင်သန်ရေး၊
ရာသီသဘာဝ
မျှတဖို့တွေး။

- ရေမြေတောတောင် သဘာဝ
လှပတဲ့ မြန်မာနိုင်ငံ၊
သစ်တောသစ်ပင် ဖုံးလွှမ်းမှု
အထူးပြုရန်၊
စုပေါင်းလို့ အားနှင့်မာန်
ပေါ်ပြည့်လျှံ စွမ်းဆောင်လို့၊
အပင်မျိုးစုံ ရှင်အောင်စိုက်
နှစ်ခြိုက်ဖွယ်မို့။

- နိုင်ငံတော်အဆင့် စိုက်ပျိုးပေး
ရှေ့ရေးအတွက် ကြံပြင်ဆင်၊
သစ်တောတွေ ဖုံးလွှမ်းပြည့်
ပြည့်ရမည်ပင်၊
တစ်ပင်စိုက် တစ်ပင်ရှင်
ပတ်ဝန်းကျင် စိမ်းစိုလန်းဖို့၊
အနာဂတ်ကို မြော်ကာတွေး
စိုက်ပျိုးကြစို့။

- စိမ်းစိမ်းစို လွန်သာမော
သစ်တောတွေက ကောင်းကျိုးဖြာ၊
အပူချိန် မြင့်မားမှု
တိုက်ဖျက်ပြုတာ၊
ကျေးငှက်တို့ နားခိုရာ
ရိပ်ဆာယာ ဖန်တီးပေး၊
ထာဝရကုသိုလ် တိုးပွားဖို့
ကြိုးစားစို့လေး။ ။

ဘုန်းမောင်ဝင်း(ဖျာပုံ)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် တရုတ်နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့် အမျိုးသားကော်မတီဥက္ကဋ္ဌတို့ တွေ့ဆုံ



**ပြုံယမ်း ဇူလိုင် ၁၇**

တရုတ်နိုင်ငံ၏ စတုတ္ထမြောက် ရာထူးအာဏာ အမြင့်ဆုံး ခေါင်းဆောင်ဖြစ်သည့် တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်အမျိုးသား ကော်မတီဥက္ကဋ္ဌ ဝမ်ဟူနင်းသည် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ ရောက်ရှိနေကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယား အစိုးရ၏ ကေစီအင်န်အေ သတင်းဌာန သတင်းထုတ်ပြန်ချက်အရ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ဇူလိုင် ၁၆ ရက်တွင် ပြုံယမ်းမြို့၌ ဝမ်ဟူနင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တရုတ်ပြည်သူ့ နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့် အမျိုးသားကော်မတီဥက္ကဋ္ဌ ဝမ်ဟူနင်း ဦးဆောင်သော တရုတ်အစိုးရကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၅ ရက်က ပြုံယမ်းမြို့သို့ စတင်ရောက်ရှိနေခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံသို့ တရုတ်သမ္မတရှီကျင့်ဖျင် ရောက်ရှိခဲ့ပြီး တစ်လမပြည့်မီ ဝမ်ဟူနင်း ဦးဆောင်သော တရုတ်အစိုးရကိုယ်စားလှယ်အဖွဲ့ ပြုံယမ်းမြို့သို့ ထပ်မံရောက်ရှိလာခြင်းဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ယခုနှစ် ဇွန်လတွင် ခုနစ်နှစ်တာအတွင်း ပထမဆုံးအကြိမ်အဖြစ် မြောက်ကိုရီးယား နိုင်ငံသို့ သွားရောက်၍ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ကမ္ဘာ့အေအိုင်နည်းပညာ ကွန်ဖရင့်ဖွင့်ပွဲအခမ်းအနား၌ တရုတ်သမ္မတ ရှီကျင့်ဖျင် မိန့်ခွန်းပြောကြား

**ရှန်ဟိုင်း ဇူလိုင် ၁၇**

လူ့ဉာဏ်ရည်တု နည်းပညာ (အေအိုင်)ကို နိုင်ငံတစ်နိုင်ငံတည်းက လွှမ်းမိုးချုပ်ကိုင်မထားသင့်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။




ရှန်ဟိုင်းမြို့၌ ကျင်းပသည့် နည်းပညာကွန်ဖရင့်တစ်ခု၌ ကမ္ဘာ့အေအိုင်နည်းပညာကွန်ဖရင့် ဖွင့်ပွဲအခမ်းအနားမိန့်ခွန်းတွင် တရုတ်သမ္မတရှီကျင့်ဖျင်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

အေအိုင်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို နိုင်ငံတစ်နိုင်ငံတည်းက ထိန်းချုပ်ခြင်းမျိုးမရှိသင့်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ကမ္ဘာ့အေအိုင်နည်းပညာကွန်ဖရင့်၌ ပြောကြားခဲ့သည်။

ထို့ပြင် အေအိုင်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ကြရန်လည်း တရုတ် သမ္မတရှီကျင့်ဖျင်က ၎င်း၏မိန့်ခွန်း၌ တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် အေအိုင်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများကို ကူညီပေးမည်ဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ကတိပြုခဲ့သည်။

သမ္မတရှီကျင့်ဖျင်၏ ထိုမိန့်ခွန်းသည် တစ်ကမ္ဘာလုံးဆိုင်ရာ အေအိုင်နည်းပညာ စီမံခန့်ခွဲရေး လုပ်ငန်းစဉ်ကိုပုံဖော်ရန် တရုတ်နိုင်ငံက ရည်မှန်းထားမှုကို ထင်ဟပ်နေသည်ဟု လေ့လာသူများက သုံးသပ်ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အီရန်စစ်ရေးပစ်မှတ်များကို ဆင်္ဒမမြောက်ညအဖြစ် အမေရိကန်တပ်မတော် ဆက်လက်တိုက်ခိုက်

**ဝါရှင်တန် ဇူလိုင် ၁၇**

အမေရိကန် တပ်မတော်သည် ဇူလိုင် ၁၆ ရက်တွင် သမ္မတ ဒေါ်နယ်ထရမ့်၏ ညွှန်ကြားချက်အရ အီရန်စစ်ရေးပစ်မှတ်များကို ဆင်္ဒမမြောက်ညအဖြစ် ဆက်လက်တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇူလိုင် ၁၆ ရက် ညပိုင်းတွင် အမေရိကန် တိုက်လေယာဉ်များ၊ မောင်းသူမဲ့ဒရုန်းယာဉ်များ၊ စစ်သင်္ဘောများက ကမ်းရိုးတန်းကာကွယ်ရေးစနစ်များ၊ လေကြောင်းရန်ကာကွယ်ရေး စနစ်များကဲ့သို့ အီရန်စစ်ရေးပစ်မှတ်များကို အဓိကထားတိုက်ခိုက်ခဲ့ကြောင်း အမေရိကန်တပ်မတော် အလယ်ပိုင်းစစ်ဒေသ စစ်ဌာနချုပ်က သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် အမေရိကန်တပ်မတော်သည် ကီရှမ်ကျွန်းနှင့် ဘန်ဒါအဘတ်စ် ဆိပ်ကမ်းမြို့တို့ရှိ အီရန်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဇွန် ၁၇ ရက်တွင် ရယူထားသော အချက် ၁၄ ချက်ပါ အီရန်စစ်ရေးပဋိပက္ခပြီးဆုံးရေး ယာယီသဘောတူညီချက် ပျက်ပြားခဲ့ပြီးနောက် အမေရိကန်နိုင်ငံက အီရန်ကို စစ်ရေးအရ တိုက်ခိုက်မှုများ မြှင့်တင်ပြုလုပ်နေခြင်း ဖြစ်သည်။

အီရန်အစိုးရအနေဖြင့် တွေ့ဆုံဆွေးနွေးရေး ပြန်လည်စတင်ခြင်း မရှိပါက လာမည့် ရက်သတ္တပတ်များအတွင်း အီရန်ပြည်တွင်းရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစက်ရုံများနှင့် တံတားများကို တိုက်ခိုက်ဖျက်ဆီးမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သတိပေး ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ထီးနန်းဆက်ခံရေးပြင်ဆင်ချက်များ ဂျပန်အထက်လွှတ်တော် မဲခွဲအတည်ပြု

**တိုကျို ဇူလိုင် ၁၇**

ဂျပန်ထီးနန်းဆက်ခံရေးဆိုင်ရာ ပြောင်းလဲ ပြင်ဆင်ချက်များကို ဂျပန်လွှတ်တော်က ယနေ့တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်များအရ ဂျပန်ထီးနန်းကို အမျိုးသမီးများလည်း ဆက်ခံခွင့်ရှိရေးသဘောထားကို ထောက်ခံမှုအားကောင်းနေသည့်တိုင် ထီးနန်းဆက်ခံရေးဆိုင်ရာ ဥပဒေပြင်ဆင်ချက်များ၌ အမျိုးသမီးများ ထီးနန်းဆက်ခံခွင့် ပိတ်ပင်ထားခြင်းဖြစ်သည်။

ဂျပန်ထီးနန်း၏ အနာဂတ်သည် လတ်တလောတွင် လက်ရှိ ဂျပန်ဘုရင်မင်းမြတ် နာရုဟီတို၏ တူတော် မင်းသား ဟီဆာဟီတိုအပေါ်မူတည်လျက်ရှိသည်။

အကယ်၍ မင်းသား ဟီဆာဟီတိုအနေဖြင့် သားယောကျ်ားလေး ထွန်းကားခြင်းမရှိခဲ့ပါက အိမ်ရှေ့စံရှိတော့မည်မဟုတ်ဘဲ မင်းဆက်ပြတ်တောက်မှု ပြဿနာနှင့် ရင်ဆိုင်ရနိုင်သည်။

သို့ဖြစ်ရာ ဂျပန်အထက်လွှတ်တော်က ဇူလိုင် ၁၇ ရက်တွင် အတည်ပြုခဲ့သော ထီးနန်းဆက်ခံရေးဆိုင်ရာ ဥပဒေပြင်ဆင်ချက်များတွင် အသက် ၁၅ နှစ်အထက် ဆွေတော်မျိုးတော် အမျိုးသားများကို ဘုရင့်မိသားစုအတွင်း ထည့်သွင်းမွေးစားခွင့် ပြုထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အိန္ဒိယတွင် နိုင်ငံ၏ပထမဆုံးဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထား စတင်ပြေးဆွဲ

**ဒေလီ ဇူလိုင် ၁၇**

ရထားပို့ဆောင်ရေးလုပ်ငန်း၌ ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချရေးနှင့် ရုပ်ကြွင်းလောင်စာအပေါ် အားပြုမှီခိုနေရမှုတို့ကို လျှော့ချရေးတို့အတွက် အိန္ဒိယနိုင်ငံသည် ၎င်း၏ ပထမဆုံး ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထားကို ယနေ့တွင် ပြေးဆွဲခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါ ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ရထားပြေးဆွဲမှုအစီအစဉ်သည် ကမ္ဘာ့အကြီးဆုံးရထားလမ်းကွန်ရက်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သော အိန္ဒိယရထားလမ်းကွန်ရက် ခေတ်မီရေးလုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။

အတွဲ ၁၀ တွဲ ပါဝင်သော အဆိုပါ ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ရထားသည် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဟာယာနာပြည်နယ် ဂျန်းမြို့နှင့် ဆိုနီပက်မြို့ကြား ၈၉ ကီလိုမီတာအကွာအဝေးရှိ ခရီးစဉ်ကို ပြေးဆွဲနေပြီဖြစ်ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။




အိန္ဒိယ ရထားပို့ဆောင်ရေးလုပ်ငန်းတာဝန်ရှိသူများ၏ အဆိုအရ အဆိုပါ ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထားသည် ကီလိုဝပ် ၁၂၀၀ ဟိုက်ဒရိုဂျင် လောင်စာဆဲလ် တွန်းကန်အားစနစ်ကို သုံးစွဲထားကြောင်း သိရသည်။

လက်ရှိတွင် ဟိုက်ဒရိုဂျင်စွမ်းအင်သုံးရထားများကို ဂျပန်၊ ဂျာမနီ၊ တရုတ်၊ အမေရိကန် စသည့်နိုင်ငံများ၌ စမ်းသပ်ပြေးဆွဲလျက်ရှိသည်။

ဟိုက်ဒရိုဂျင် ရထားများသည် ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်ကို ပေါင်းစပ်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးသော လောင်စာဆဲလ်များကို အသုံးပြုမောင်းနှင်သည့် ရထားများဖြစ်ကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## နာဆာက SunRise နေလေ့လာရေး အာကာသမစ်ရှင်ကို လွှတ်တင်ရာတွင် ဒုံးပျံယာဉ်အမျိုးအစား အပြောင်းအလဲပြုလုပ်ထား



**ဝါရှင်တန် ဇူလိုင် ၁၇**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် SunRise အမည်ရှိ နေလေ့လာရေးအာကာသမစ်ရှင်ကို လွှတ်တင်ရာတွင် ဒုံးပျံယာဉ်အမျိုးအစား အပြောင်းအလဲ ပြုလုပ်ထားကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

နာဆာသည် မူလက SunRise မစ်ရှင်ကို United Launch Alliance (ULA) ကုမ္ပဏီ၏ ဗော်လ်ကန်စင်တော် ဒုံးပျံဖြင့် လွှတ်တင်ထားကြောင်း သိရသည်။

သို့ရာတွင် SunRise မစ်ရှင်ကို ဗော်လ်ကန်စင်တော် ဒုံးပျံအစား စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် ပြောင်းလဲလွှတ်တင်ရန် စီစဉ်ထားကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

SunRise မစ်ရှင်တွင် ဂြိုဟ်တုငယ်ခြောက်စင်းဖြင့် ဖွဲ့စည်းထားသော မစ်ရှင်ဖြစ်ပြီး ကမ္ဘာမြေပြင်အထက် မိုင် ၂၂၀၀၀ ခန့်အကွာ ပတ်လမ်းပေါ်၌ နေရာယူထားသည့် မစ်ရှင်ဖြစ်သည်။

SunRise မစ်ရှင်သည် နေ၏ လေထုလွှာအတွင်းရှိ ရေဒီယိုစွမ်းအင်ပေါက်ကွဲမှု ဖြစ်စဉ်များကို လေ့လာစူးစမ်းမည် ဖြစ်သည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

SunRise မစ်ရှင်အတွက် ဂြိုဟ်တုငယ် ခြောက်စင်းကို ယူတားပြည်နယ် တက္ကသိုလ်မှ သိပ္ပံပညာရှင်များက တည်ဆောက်ပေးထားခြင်းဖြစ်သည်။


**Ref : Russia Today**

**Trs : KKO**

## ကြယ်တာရာဟင်းလင်းပြင်နယ်မြေအတွင်း Erythrulose ခေါ် သကြားဓာတ်တစ်မျိုးကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇူလိုင် ၁၇**

ကြယ်တာရာဟင်းလင်းပြင်နယ်မြေအတွင်း Erythrulose ခေါ် သကြားဓာတ်တစ်မျိုးကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။




အထက်ပါ Erythrulose သကြားဓာတ်များကို နဂါးငွေ့တန်းကြယ်စုဗဟိုချက်၏ ကြယ်ဖွဲ့တိမ်တိုက်တစ်ခုအတွင်း၌ မြေပြင်အခြေစိုက် ရေဒီယိုနှစ်ခု၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သကြားဓာတ်များသည် ကမ္ဘာပေါ်၌ သက်ရှိများဖြစ်ထွန်းရေးအတွက် လိုအပ်သည့် အဓိကဇီဝအခြေခံပစ္စည်းများဖြစ်ကြရာ Erythrulose သကြားဓာတ်ကို ရှာဖွေတွေ့ရှိမှုသည် စိတ်လှုပ်ရှားဖွယ်တွေ့ရှိမှုတစ်ရပ်ဖြစ်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

လွန်ခဲ့သော နှစ်သန်းပေါင်းများစွာက ကမ္ဘာပေါ်သို့ ကျရောက်ခဲ့သည့် ဂြိုဟ်သိမ်များနှင့်အတူ Erythrulose သကြားဓာတ်က တန်ချိန် သန်း ၅၀ ကျော်ထိ ကမ္ဘာပေါ်သို့ ရောက်ရှိလာခဲ့ဖွယ်ရှိသည်ဟု အမေရိကန် သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

Erythrulose သကြားဓာတ်အထောက်အထားများအရ ကြယ်တာရာဟင်းလင်းပြင်အတွင်း Ribose ခေါ် သကြားဓာတ်တစ်မျိုးကိုလည်း တစ်ချိန်ချိန်တွင် ရှာဖွေတွေ့ရှိနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

Ribose သကြားဓာတ်သည် သက်ရှိများအတွက် အရေးကြီးသော ရိုင်ဘိုနျူကလီးရစ်အက်စစ် (RNA) ၏ အစိတ်အပိုင်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## Rocket Lab ကုမ္ပဏီက အာခီမီးဒီးစ် ဒုံးအင်ဂျင်သစ်ကို အောင်မြင်စွာစမ်းသပ်ခဲ့

**ဝါရှင်တန် ဇူလိုင် ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် အာခီမီးဒီးစ်အမည်ရှိ ဒုံးအင်ဂျင်သစ်ကို အောင်မြင်စွာ စမ်းသပ်ခဲ့ကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

Rocket Lab ကုမ္ပဏီသည် အာခီမီးဒီးစ် ဒုံးအင်ဂျင်ကို ၎င်းမျိုးဆက်သစ် နျူထရွန်ဒုံးပျံ၌တပ်ဆင်အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

အာခီမီးဒီးစ် ဒုံးအင်ဂျင် စမ်းသပ်မှု အောင်မြင်ခဲ့ခြင်းကြောင့် Rocket Lab ကုမ္ပဏီအနေဖြင့် နျူထရွန်ဒုံးပျံသစ်ကို ယခုနှစ်ကုန်ပိုင်းတွင် ပထမဆုံးအကြိမ် စမ်းသပ်လွှတ်တင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် အာခီမီးဒီးစ် ဒုံးအင်ဂျင်သစ်ကို မစ္စစ္စပီပြည်နယ်ရှိ နာဆာ၏ စတန်းနစ်အာကာသစခန်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Rocket Lab ကုမ္ပဏီသည် နျူထရွန်ဒုံးပျံကို စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံကဲ့သို့ပင် ပထမအဆင့်ပင်မဒုံးယာဉ်ကို ပြန်လည်အသုံးပြုနိုင်ရန် ပုံစံထုတ် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ အခြေစိုက် Rocket Lab ကုမ္ပဏီသည် လက်ရှိအချိန်တွင် အီလက်ထရွန်ဒုံးပျံဖြင့် ဂြိုဟ်တုငယ်များကို လွှတ်တင် ပေးလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## အီဘိုလာဗိုင်းရပ်ကာကွယ်ဆေးတစ်မျိုး ဗြိတိန်သုတေသနပညာရှင်များစမ်းသပ်မည်

**လန်ဒန် ဇူလိုင် ၁၇**

အာဖရိကတိုက် ကွန်ဂိုနိုင်ငံ၌ ကူးစက်ဖြစ်ပွားနေသော အီဘိုလာဗိုင်းရပ်အတွက် ပထမဆုံး ကာကွယ်ဆေးကို ဗြိတိန်သုတေသနပညာရှင်များက စမ်းသပ်မည်ဖြစ်ကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

ကွန်ဂိုနိုင်ငံ၌ ကူးစက်ဖြစ်ပွားနေသော ဗိုင်းရပ်မှာ Bundibugyo ခေါ်အီဘိုလာဗိုင်းရပ် အမျိုးအစားဖြစ်ပြီး ၎င်းဗိုင်းရပ်အတွက် လက်ရှိအချိန်တွင် ကာကွယ်ဆေးနှင့် သီးသန့်ကုထုံးမျိုး မရှိသေးကြောင်း သိရသည်။

သို့ရာတွင် Bundibugyo အီဘိုလာဗိုင်းရပ် အမျိုးအစားအတွက် ပထမဆုံး ကာကွယ်ဆေးကို အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသနပညာရှင်များက စမ်းသပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေး စမ်းသပ်မှု ပထမအဆင့်တွင် လူပေါင်း ၅၀ ပါဝင်မည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးသည် Bundibugyo အီဘိုလာဗိုင်းရပ်အတွက် ခုခံအားစနစ်ကို တည်ဆောက်ပေးနိုင်မည်ဟု မိမိတို့ မျှော်လင့်ထားကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

နောက်ဆုံးထုတ်ပြန်ထားသည့် ကိန်းဂဏန်းအချက်အလက်များအရ ကွန်ဂိုနိုင်ငံ၌ အီဘိုလာဗိုင်းရပ်ကူးစက်မှု ဖြစ်စဉ်ပေါင်း ၁၉၀၀ ကျော်ထိ ရှိလာပြီး သေဆုံးသူ အရေအတွက်မှာလည်း ၇၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## ကိုယ်ဝန်ဆောင်မိခင်လောင်းများအနေဖြင့် ရင်သွေးငယ်များ၏ စိတ်ကျန်းမာရေးကို ကာကွယ်ရန်သကြားဓာတ်စားသုံးမှု ကန့်သတ်သင့်

**လန်ဒန် ဇူလိုင် ၁၇**

ကိုယ်ဝန်ဆောင်မိခင်လောင်းများအနေဖြင့် မိမိရင်သွေး၏ အနာဂတ် စိတ်ကျန်းမာရေးကို ကာကွယ်ရေးအတွက် သကြားဓာတ်စားသုံးမှုကို ကန့်သတ်ထားသင့်ကြောင်း သုတေသန ပညာရှင်များ၏အဆိုကို ကိုးကား၍ ဇူလိုင် ၁၆ ရက်သတင်းများအရသိရသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ သကြားဓာတ်စားသုံးမှု ကန့်သတ်ထားသည့် ဒုတိယကမ္ဘာစစ်လွန်ခေတ်အတွင်း မွေးဖွားလာသူများ၌ စိတ်ကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေ ပုံမှန်ထက် ၂၅ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

သို့ဖြစ်ရာ မွေးဖွားလာသည့် ရင်သွေးများ၌ နောက်ပိုင်းကာလများအတွင်း စိတ်ကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေကို တားဆီးရေးအတွက် မိခင်လောင်းများ သကြားဓာတ်စားသုံးမှုကို ကန့်သတ်သင့်သည်ဟု သုတေသနပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ကိုယ်ဝန်စဆောင်ပြီး ပထမရက် ၁၀၀၀ အတွင်း သကြားဓာတ်စားသုံးမှုကို ကန့်သတ်ထားခြင်းဖြင့် ရင်သွေးများ၌ စိတ်ကျန်းမာရေး ပြဿနာများပေါ်လာနိုင်ခြေကို လျှော့ချနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်မှာ အသင်းလိုက်ကစားပုံကောင်းနေတဲ့ စပိန်အသင်းကိုပဲ အားပေးရမှာပါ

ML




ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲကိုတော့ ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်အသင်း ၄၈ သင်းထိတိုးချဲ့ပြီး ပူးတွဲအိမ်ရှင်သုံးနိုင်ငံက လက်ခံကျင်းပခဲ့တာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဗိုလ်လုပွဲစဉ်ကိုရောက်ရှိလာခဲ့ပေမဲ့ ပူးတွဲအိမ်ရှင်တွေဖြစ်တဲ့ အမေရိကန်၊ ကနေဒါ၊မက္ကဆီကိုအသင်းတို့ကတော့ ၁၆ သင်းရှုံးထွက်အဆင့်နဲ့သာ ကျေနပ်ခဲ့ရတာကိုတွေ့ရမှာပါ။ ဒ့ါပြင် ပရိသတ်တွေမျှော်လင့်ထားတဲ့ ဂျာမနီအသင်း၊ နယ်သာလန်အသင်းတို့ကလဲ ရှုံးထွက်အဆင့်ကနေ အစောဆုံးလှည့်ပြန်ခဲ့ရတာကိုလဲသတိပြုရမှာပါ။ အထူးသဖြင့် ယခုနှစ်ကျင်းပတဲ့ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်တွေမှာ အသင်းငယ်တွေကလဲ အသင်းကြီးတွေကိုတုံ့ပြန်ကစားနိုင်ခဲ့ပြီး အပြန်အလှန်သွင်းဂိုးတွေသွင်းယူနိုင်ခဲ့တာကြောင့် တချို့ပွဲတွေမှာဆိုရင် အသင်းကြီးတွေအရေးနိမ့်ခဲ့တာတွေလဲရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိဗိုလ်လုပွဲစဉ်မှာလဲ စပိန်အသင်းက လက်ရှိဥရောပချန်ပီယံဖြစ်သလို အာဂျင်တီးနားအသင်းကလဲ လက်ရှိတောင်အမေရိကချန်ပီယံနဲ့ ကမ္ဘာ့ဖလားချန်ပီယံဖြစ်နေတာကြောင့် အခုပွဲစဉ်ဟာ အကြိတ်အနယ်ရှိမှာသေချာပါတယ်။ ဒါပေမဲ့ ဒီနှစ်သင်းမှာ အသင်းလိုက်ကစားအားနဲ့ မြန်နှုန်းမြင့်တိုက်စစ်ကစားသမားတွေကို စပိန်အသင်းကပိုင်ဆိုင်ထားတာကြောင့် လာမဲ့ပွဲစဉ်မှာတော့ စပိန်အသင်းကိုသာဆက်လက်အားပေးသွားရမှာပါ။

### စပိန်အသင်းကိုအားပေးရမှာပါ

တနင်္ဂနွေနေ့ညကစားမဲ့ ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်မှာ ထိပ်တိုက်တွေ့ဆုံနေတာကတော့ စပိန်အသင်းနဲ့အာဂျင်တီးနားအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဒီနှစ်သင်းလုံးဟာ အခုပြိုင်ပွဲကို အုပ်စုပွဲကနေစပြီး ဗိုလ်လုပွဲစဉ်ထိ ရှုံးပွဲမရှိဘဲတက်ရောက်လာတဲ့ အသင်းတွေဖြစ်တာကိုတွေ့ရမှာပါ။ လက်ရှိ ကမ္ဘာ့အဆင့်ရပ်တည်မှုမှာလဲ စပိန်အသင်းက ကမ္ဘာ့အဆင့် (၂)၊ အာဂျင်တီးနားအသင်းက ကမ္ဘာ့အဆင့် (၁) မှာရပ်တည်နေတာကြောင့် ဘောလုံးအဆင့်အတန်းကွာခြားချက်မရှိတဲ့ အသင်းတွေလဲဖြစ်ပါတယ်။ ဒါပေမဲ့ပြိုင်ပွဲတစ်လျှောက်မှာတော့ စပိန်အသင်းက တိုက်စစ်မှူးယာမယ်ခြေစွမ်းပြသနိုင်ရင် ဂိုးရဖို့လွယ်ကူလေ့ရှိပြီး အာဂျင်တီးနားအသင်းကလဲ တိုက်စစ်မှူးမက်ဆီကြောင့် သွင်းဂိုးတွေအလွယ်တကူရရှိနေတာကို သတိပြုရမှာပါ။ ဒါကြောင့် ဒီနှစ်သင်းရဲ့ကစားသမားစုဖွဲ့မှုကလဲ ကွာခြားချက်သိပ်မရှိတာကိုတွေ့ရမှာပါ။

လက်ရှိဥရောပချန်ပီယံ စပိန်အသင်းကတော့ ကမ္ဘာ့ဖလားသမိုင်းမှာ ၂၀၁၀ခုနှစ်က ဆုဖလားရရှိပြီးနောက်ပိုင်း ၁၆ နှစ်အကြာမှာ ဗိုလ်လုပွဲစဉ်ကို ပြန်လည်ရောက်ရှိခဲ့တာဖြစ်ပါတယ်။ နည်းပြဖူအန်တီရဲ့အဓိကတိုက်စစ်အတွဲဖြစ်တဲ့ ယာမယ်နဲ့နစ်ကိုးဝီလျံတို့အတွဲကတော့ ပြီးခဲ့တဲ့ ယူရိုပြိုင်ပွဲမှာခြေစွမ်းပြနိုင်ခဲ့ပေမဲ့ လက်ရှိပြိုင်ပွဲမှာတော့ ယာမယ်တစ်ဦးတည်းနဲ့သာပွဲထွက်နေခဲ့ပြီး နစ်ကိုးဝီလျံကိုတော့ ပွဲချိန်ပြည့်အသုံးမပြုတာကိုတော့သတိပြုရမှာပါ။

နည်းပြဖူအန်တီကတော့ ယခုပြိုင်ပွဲမှာ ပုံမှန်ပွဲထွက်အသုံးပြုနေတာကတော့ တိုက်စစ်ပိုင်းမှာ ယာမယ်၊ ဘေနာ၊ အိုမိုလ်၊ အိုရာဇာဘယ်၊ ကွင်းလယ်မှာ ပက်ထရီ၊ ရိုဒရီ၊ ဖေဘီယန်ရုဇ်၊ ခံစစ်မှာတော့ ကူကူရယ်လာ၊ လာပေါ်တီ၊ ကျူဘာစီ၊ ပက်ထရိုပိုရိုတို့ဖြစ်ပါတယ်။ ဒီကစားသမားတွေဟာ ပွဲစဉ်တစ်လျှောက် အတွဲညီညီကစားနိုင်ခဲ့ပြီး အထူးသဖြင့် ကွင်းလယ်ကစားသမားတွေက ခံစစ်၊ တိုက်စစ်လိုက်ပါချိတ်ဆက်နိုင်ခဲ့လို့ သူတို့အသင်းခံစစ်ဟာ အခုပြိုင်ပွဲမှာပေးဂိုးတစ်ဂိုးပဲရှိခဲ့တာကိုတွေ့ရမှာပါ။ စပိန်အသင်းဟာ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်မှာ ကိတ်ဗာဒီအသင်း၊ ဆော်ဒီအာရေဗျအသင်း၊ ဥရုဂွေးအသင်းတို့နဲ့ကစားခဲ့ရပြီး ကိတ်ဗာဒီကို ဂိုးမရှိသရေ၊ ဆော်ဒီအာရေဗျကို လေးဂိုးဂိုးမရှိ၊ ဥရုဂွေးအသင်းကို တစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့ပြီး အုပ်စုဗိုလ်နဲ့ ၃၂ သင်းအဆင့်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ၃၂ သင်းအဆင့်မှာတော့ ဥရောပပြိုင်ဘက် ဩစတြီးယားအသင်းနဲ့တွေ့ဆုံခဲ့ပေမဲ့ အိုရာဇာဘယ်က နှစ်ဂိုး၊ ပက်ထရိုပိုရိုကတစ်ဂိုးနဲ့ သုံးဂိုးပြတ်နဲ့နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် ၁၆ သင်းရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့ပြီး ပေါ်တူဂီအသင်းနဲ့ကစားခဲ့ရာမှာ အပြန်အလှန်တိုက်စစ်ဆင်မှုတွေရှိခဲ့ပေမဲ့ ဂိုးသမားဆိုင်မွန်အပိုင်အခွင့်အရေးတွေကာကွယ်နိုင်ခဲ့လို့ ပေါ်တူဂီဂိုးမရခဲ့ဘဲရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ပွဲကစားချိန် မိနစ် ၈၀ ကျော်မှာတော့ နည်းပြဖူအန်တီလူစားလဲမှန်ကန်ခဲ့တာကြောင့် လူစားဝင်ကစားသမားမာရင်နိုက နာကျင်အချိန်ပိုမှာအနိုင်ဂိုးသွင်းခဲ့ပြီး စပိန်အသင်း ကွာတားဖိုင်နယ်အဆင့်ရောက်ရှိခဲ့တာဖြစ်ပါတယ်။

ကွာတားဖိုင်နယ်အဆင့်မှာတော့ သူတို့အသင်းဟာ တိုက်စစ်ကစားပုံကောင်းတဲ့ ဘယ်လ်ဂျီယံအသင်းနဲ့ကစားခဲ့ရပေမဲ့ အဘက်ဘက်က ထိန်းချုပ်ကစားနိုင်ခဲ့တာကြောင့် ပထမပိုင်းမှာဦးဆောင်ဂိုးရခဲ့ပေမဲ့ ဘယ်လ်ဂျီယံတိုက်စစ်က ချက်ချင်းချေပဂိုးပြန်သွင်းနိုင်လို့ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဒုတိယပိုင်းအရောက်မှာလဲ လူစားဝင်ကစားသမားမာရင်နိုက ပွဲချိန် ၈၈မိနစ်မှာ အနိုင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့လို့ စပိန်အသင်းဆီမီးဖိုင်နယ်အဆင့်ကိုရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ ဆီမီးဖိုင်နယ်အဆင့်မှာတော့ ယခုပြိုင်ပွဲမှာ တိုက်စစ်အကောင်းဆုံးနဲ့ ဗိုလ်စွဲဖို့ရေပန်းစားနေတဲ့ပြင်သစ်အသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ ပြင်သစ်အသင်းတိုက်စစ်အတွဲဖြစ်တဲ့ ဒမ်ဘီလီ၊ အမ်ဘက်ပီ၊ ဘာကိုလာတို့ကို စပိန်အသင်းက အကောင်းဆုံးထိန်းချုပ်ကစားနိုင်ခဲ့လို့ပွဲပြီးဆုံးသွားချိန်မှာ နှစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့ပြီး ဗိုလ်လုပွဲကိုတက်ရောက်နိုင်ခဲ့တာတွေ့ရမှာပါ။

လက်ရှိကမ္ဘာ့ဖလားချန်ပီယံ အာဂျင်တီးနားအသင်းကတော့ ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်မှာ အယ်ဂျီးရီးယားအသင်း၊ ဩစတြီးယားအသင်း၊ ဂျော်ဒန်အသင်းတို့နဲ့ကစားခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းကတော့ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ်ကမ္ဘာ့ဖလားမှာ ချန်ပီယံဆုရခဲ့တဲ့ကစားသမားအများစုနဲ့ ပွဲထွက်လာတာကြောင့် ပြိုင်ပွဲအတွေ့အကြုံနဲ့ ပြိုင်ပွဲရဲ့ကစားအားအတက်အကျကို ထိန်းချုပ်တဲ့နေရာမှာတော့ အခြားအသင်းတွေထက်အသာရနေတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ အယ်ဂျီးရီးယားနဲ့ပွဲမှာတော့ ၄-၄-၂ ကစားကွက်နဲ့ မက်ဆီ၊မာတီနက်ဇ်တို့ကိုအထောင်ထားခဲ့ပြီး ဒီပေါလ်၊ မက်အယ်လစ်စတာ၊အန်ဇိုဖာနန်ဒက်ဇ်၊ အယ်မာဒါတို့ကိုကွင်းလယ်မှာအသုံးပြုခဲ့တာကြောင့် ပြိုင်ဘက်ကိုတောက်လျှောက်တိုက်စစ်ဆင်နိုင်ခဲ့ပြီး မက်ဆီရဲ့ဟက်ထရစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ဩစတြီးယားနဲ့ပွဲမှာလဲ ဒီကစားကွက်နဲ့ပဲ မက်ဆီကနှစ်ဂိုးသွင်းယူခဲ့ပြီး နှစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဂျော်ဒန်နဲ့ပွဲမှာတော့ အာဂျင်တီးနားကသုံးဂိုးတစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာကြောင့် အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။

အာဂျင်တီးနားအသင်းဟာ ၃၂ သင်းရှုံးထွက်အဆင့်မှာ ကိတ်ဗာဒီအသင်းနဲ့ကစားခဲ့ရပေမဲ့ ပြိုင်ဘက်ရဲ့လူကပ်ကစားပုံကြောင့် ကစားကွက်တည်မရဘဲအခက်တွေ့ခဲ့ပြီး အချိန်ပိုထိရောက်ခဲ့ပေမဲ့ သုံးဂိုးနှစ်ဂိုးနဲ့နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ၁၆ သင်းအဆင့်မှာတော့ အီဂျစ်အသင်းနဲ့ကစားခဲ့ရပေမဲ့ အီဂျစ်အသင်းကတန်ပြန်တိုက်စစ်နဲ့တုံ့ပြန်ခဲ့ပြီး ဦးဆောင်ဂိုးနှစ်ဂိုးရခဲ့တာကြောင့် အာဂျင်တီးနားအသင်း ဖိအားအောက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ပွဲချိန်မိနစ် ၇၀ ကျော်မှာ မက်ဆီရဲ့ဖန်တီးမှုကနေ ၇၉ မိနစ်မှာ ပထမဂိုး၊ ၈၃ မိနစ်မှာ မက်ဆီကဒုတိယဂိုး၊ ပွဲချိန်မိနစ် ၉၀ ကျော်မှာ အန်ဇိုဖာနန်ဒက်စ်ကတတိယဂိုးသွင်းယူနိုင်ခဲ့ပြီး အကောင်းဆုံးပြန်လာနိုင်ခဲ့လို့ ကွာတားဖိုင်နယ်ကိုရောက်ရှိခဲ့တာဖြစ်ပါတယ်။ ကွာတားဖိုင်နယ်အဆင့်မှာတော့ ဆွစ်ဇာလန်အသင်းနဲ့တွေ့ဆုံခဲ့တာကြောင့် နည်းပြစကာလိုနီဟာ ပွဲထွက်လူစာရင်းအပြောင်းလဲလုပ်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲမှာတော့ ပွဲချိန် ၇၂ မိနစ်မှာ အမ်ဘိုလိုနှစ်ဝါတစ်နီနဲ့ထွက်ခွာခဲ့ရလို့ ဆွစ်ဇာလန်အသင်းကစားပုံကျဆင်းသွားခဲ့ပြီး အာဂျင်တီးနားအသင်းက ပွဲပြီးဆုံးတဲ့အချိန်မှာတော့ သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်ကိုတက်ရောက်နိုင်ခဲ့တာကိုတွေ့ရမှာပါ။

ဆီမီးဖိုင်နယ်အဆင့်မှာတော့ အစဉ်အလာရပြိုင်ဘက်ကောင်းဖြစ်တဲ့ အင်္ဂလန်အသင်းနဲ့ကစားခဲ့ရတာကြောင့် အာဂျင်တီးနားအသင်း အခက်တွေ့ခဲ့ပြီး အင်္ဂလန်အသင်းကလဲ နှစ် ၆၀ ကြာဝေးကွာနေတဲ့ ကမ္ဘာ့ဖလားဆုဖလားရဖို့အစွမ်းကုန်ကြိုးစားလာတာကိုတွေ့ရမှာပါ။ ဒါကြောင့် ပွဲစကတည်းကနည်းပြတူချယ်ရဲ့အင်္ဂလန်အသင်းက မက်ဆီကိုထိန်းချုပ်ရင်းတန်ပြန်တိုက်စစ်ကနေ ပြန်လည်ဖိအားပေးခဲ့တာဖြစ်ပါတယ်။ ပွဲချိန် ၅၅ မိနစ်မှာတော့ တောင်ပံတိုက်စစ်ကစားသမားဂေါ်ဒွန်ကအင်္ဂလန်အတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အင်္ဂလန်အသင်းက ခံစစ်အားပြုကစားရင်း အနိုင်ရလဒ်ကိုထိန်းချုပ်ဖို့ ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ တိုက်စစ်မှူးမက်ဆီ တောင်ပံထွက်ကစားခဲ့တာကြောင့် အင်္ဂလန်အသင်းခံစစ်ပိုင်းထိန်းချုပ်ဖို့မလွယ်ကူတော့ဘဲ မက်ဆီရဲ့ဂိုးဖန်တီးပေးမှုတွေကြောင့် အန်ဇိုဖာနန်ဒက်ဇ်ကချေပဂိုးနဲ့ မာတီနက်ဇ်ကဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့လို ပွဲပြီးဆုံးသွားချိန်မှာ နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲကိုတက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။

အခုပြိုင်ပွဲတစ်လျှောက်မှာ အာဂျင်တီးနားအသင်းရဲ့ တိုက်စစ်မှူးမက်ဆီကို ထိန်းချုပ်နိုင်မှုမရှိတော့ရင် ပြိုင်ဘက်အသင်းတိုင်းဟာ အရေးနိမ့်သွားတတ်ပေမဲ့ အာဂျင်တီးနားအသင်းရဲ့ခံစစ်ပိုင်းကလဲ ရှုံးထွက်အဆင့်ပြိုင်ပွဲတိုင်းမှာ ပေးဂိုးရှိခဲ့တာကြောင့် နည်းပြစကာလိုနီ အခုပွဲမှာ ခံစစ်ပိုင်းမပြင်နိုင်ရင်တော့ စပိန်အသင်းကို ပေးဂိုးတွေအများအပြားခွင့်ပြုရမှာသေချာပါတယ်။ အာဂျင်တီးနားအသင်းကတော့ အခုပြိုင်ပွဲမှာ အရှုံးကနေပြန်လာနိုင်တဲ့ ပွဲစဉ်နှစ်ပွဲထိရှိခဲ့တာကြောင့် စပိန်အသင်းအနေနဲ့ အနည်းဆုံးနှစ်ဂိုးမှမသွင်းနိုင်ရင်တော့ အချိန်ပိုထိရောက်ရှိသွားနိုင်တာကိုတွေ့ရမှာပါ။ ဒါပေမဲ့စပိန်အသင်းကတော့ အခုပြိုင်ပွဲမှာ အသင်းလိုက်ကစားပုံနဲ့ ခံစစ်ပိုင်းတည်ငြိမ်မှုက အကောင်းဆုံးဖြစ်နေပြီး လူငယ်ကစားသမားဖြစ်တဲ့ ယာမယ်ရဲ့ထိုးဖောက်မှုကို အာဂျင်တီးနားအသင်းခံစစ်ပိုင်းကထိန်းချုပ်ဖို့လဲ မလွယ်ကူတာကြောင့် အခုပွဲမှာ စပိန်အသင်းကိုပဲအားပေးရမှာပါ။

### စပိန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဥရုဂွေး | ၀ | - | ၁ | စပိန် |
| စပိန် | ၃ | - | ၀ | ဩစတြီးယား |
| ပေါ်တူဂီ | ၀ | - | ၁ | စပိန် |
| စပိန် | ၂ | - | ၁ | ဘယ်လ်ဂျီယံ |
| ပြင်သစ် | ၀ | - | ၂ | စပိန် |

### အာဂျင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျော်ဒန် | ၁ | - | ၃ | အာဂျင်တီးနား |
| အာဂျင်တီးနား | ၃ | - | ၂ | ကိတ်ဗာဒီ |
| အာဂျင်တီးနား | ၃ | - | ၂ | အီဂျစ် |
| အာဂျင်တီးနား | ၃ | - | ၁ | ဆွစ်ဇာလန် |
| အင်္ဂလန် | ၁ | - | ၂ | အာဂျင်တီးနား |

# အမည်မည်းနှင့် အမြဲမနေစေလို

ပီပီအိုင်ဘီ

အမည်မည်း(Black List) ဟူသည် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုကို စည်းကမ်းဖောက်ဖျက်မှု၊ ရာဇဝတ်မှု သို့မဟုတ် မသမာမှုများကြောင့် သတ်မှတ်ထားသော လုပ်ငန်း၊ နိုင်ငံ သို့မဟုတ် အသိုင်းအဝိုင်းတစ်ခုတွင် ပါဝင်ခွင့်၊ သွားလာခွင့် သို့မဟုတ် လုပ်ကိုင်ခွင့် ပိတ်ပင်ခံထားရသည့် စာရင်းတွင် ထည့်သွင်းခံရခြင်းကို ဆိုလိုသည်။ အမည်မည်း(Black List)စာရင်း ထည့်သွင်းခံရသူများသည် အလုပ်အကိုင် အခွင့်အလမ်းနှင့် ပြည်တွင်းနှင့် ပြည်ပနိုင်ငံများအပါအဝင် ခရီးထွက်ခွာရာတွင် တားဆီးပိတ်ပင်ခံရခြင်း စသည့်လူသားတစ်ဦး ရသင့်၊ ရှိသင့်သော လူမှုစီးပွားဘဝ မရရှိနိုင်ဘဲ အခွင့်အရေးဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးအခြေအနေများအရ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းပြီး နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား လည်ပတ်နိုင်ရေး ဆောင်ရွက်ခြင်းကို နိုင်ငံတော်အာဏာသိမ်းသည်ဟု မဟုတ်မမှန်စွပ်စွဲပြီး သွေးထိုးလှုံ့ဆော်၊ ဆူပူအကြမ်းဖက်မှုများဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား ပျက်ပြားအောင် လူတချို့က လုပ်ဆောင်ခဲ့ကြသည်။ နိုင်ငံအတွင်း ဆူပူဆန္ဒပြမှုများလည်း ဖြစ်ပေါ်ခဲ့သည်။ ဌာနဆိုင်ရာဝန်ထမ်းများကို အဓိကဦးတည်၍ Civil Disobedience Movement(CDM) ပြုလုပ်စေရန် လှုံ့ဆော်ခဲ့ကြသည်။ လုပ်ငန်းခွင် မဝင်ရောက်ရေးအတွက် ဝန်ထမ်းများကို လှုံ့ဆော်စည်းရုံးခဲ့ကြသည်။ ၎င်းတို့၏ အမြင်တွင် ဝန်ထမ်းများလုပ်ငန်းခွင်မဝင်ရောက်ပါက အစိုးရယန္တရား ပျက်ယွင်းမည်ဟူသည့် ယူဆချက်ဖြင့် နည်းမျိုးစုံသုံးကာ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ လက်တွေ့တွင် CDM ဆောင်ရွက်သူ နိုင်ငံ့ဝန်ထမ်းအချို့ရှိခဲ့သော်လည်း မည်သည့်ဝန်ကြီးဌာနမှ လုပ်ငန်းများ ရပ်တန့်သွားခြင်းမရှိဘဲ ပုံမှန်အတိုင်း ဆောင်ရွက်ခဲ့ကြပါသည်။

အခြေခံ လူ့အခွင့်အရေးများအရ လူတိုင်းသည် မိမိသဘောဆန္ဒအလျောက် လွတ်လပ်စွာ ပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်။ သို့သော် ထိုလွတ်လပ်မှုများသည် သူတစ်ပါးကို ထိပါး၍မရပါ။ မသမာသူတချို့သည် ဒီမိုကရေစီ လူ့အခွင့်အရေးကို လိုရာပုံဖော်ကာ တာဝန်ကျေပွန်စွာ ထမ်းဆောင်နေသည့် ဝန်ထမ်းများကို အုပ်စုဖွဲ့၍ အတင်းအကျပ်ဖိအားပေးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အရှက်ရစေရန် ပြုမူပြောဆိုခြင်းများထိ ဥပဒေချိုးဖောက်မှုများကို ပြုလုပ်ခဲ့ကြပါသည်။ ထိုသို့ ဖိအားပေးမှုအမျိုးမျိုးအောက်တွင် မိမိစိတ်ဆန္ဒမပါဝင်သော်လည်း ကျရောက်လာနိုင်သည့်အန္တရာယ်များကို ထောက်ချင့်၍ အများနည်းတူ မိုးခါးရေသောက်ကာ CDM ပြုလုပ်ခဲ့ရသော နိုင်ငံ့ဝန်ထမ်းများလည်း ရှိခဲ့ကြပါသည်။

ဝန်ထမ်းတိုင်းသည် မည်သည့်ပါတီ၊ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက် တာဝန်ထမ်းဆောင်နေကြသူများ မဟုတ်ပါ။ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသည့်ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရသူများဖြစ်ပါသည်။ နိုင်ငံတော်တွင် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေရေးအတွက် အဓိကတာဝန်ထမ်းဆောင်ကြရသူများမှာ နိုင်ငံ့ဝန်ထမ်းများ ဖြည့်ဆည်းဆောင်ရွက် ပေးနိုင်သော ပြည်သူ့တာဝန်ထမ်းနိုင်သည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်စေရေး၊ နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသော ဝန်ထမ်းယန္တရားတစ်ခုအဖြစ် တံတားကောင်းလျှင် ကောင်းသည့်အလျောက် ရွေးကောက်ပွဲကျင်းပပြုလုပ်ပြီး ပြည်သူများ၏ဆန္ဒနှင့်အညီ အစိုးရတစ်ရပ်ကို ရွေးချယ်ကြသည်။ ပါတီစုံဒီမိုကရေစီစနစ်၏အသက်မှာ ရွေးကောက်ပွဲ တရားမျှတရေးပင်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများကို မသိကျိုးကျွန် လျစ်လျူရှုပြီး အစိုးရဖွဲ့၍

**❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိအောင် ထိန်းသိမ်းနိုင်ရန်အတွက် အမည်မည်းစာရင်းတွင် ပါဝင်ခဲ့ကြသော်လည်း ထိုသို့ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အကြောင်းအမျိုးမျိုးဖြင့် အမည်မည်းစာရင်းတွင် ပါဝင်နေကြသူများကို အမည်မည်းစာရင်းမှ ဖြေလျှော့ပေးနိုင်ရန်အတွက် အဆိုပါဝန်ထမ်းများကို မိမိတို့ရောက်ရှိနေသည့်အရပ်တွင်ရှိသည့် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့်ဌာန၏ ရုံးများ၊ နီးစပ်ရာ မြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ပြည်ပရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ပြန်လည်သတင်းပို့ဆက်သွယ်ကြရန် ၁၂-၇-၂၀၂၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ထိုသို့သတင်းပို့ဆက်သွယ်လာသည့် ဌာနကင်းကွာဝန်ထမ်း ၇၂၉၄ ဦးကို အမည်မည်းစာရင်းမှ ဖြေလျှော့ပေးခဲ့ပြီးဖြစ် ❖**

ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများတွင်ပါရှိသော ပြဋ္ဌာန်းချက်အချို့ကို ထုတ်နုတ်၍ ဖော်ပြရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)တွင် "နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်"ဟု လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၁၀ တွင် "ဝန်ထမ်းသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလိုက်နာခြင်း၊ မိမိအားပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလိုက်နာခြင်း၊ ပါတီနိုင်ငံရေးကင်းရှင်းခြင်းတို့ကို လိုက်နာရန်တာဝန်ရှိသည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။ ထိုသို့သော နိုင်ငံ့ဝန်ထမ်းများ လိုက်နာရမည့် ကျင့်ဝတ်၊ စည်းကမ်းများကို အကြောင်းအမျိုးမျိုးကြောင့် လိုက်နာမှုမရှိခဲ့ကြသူများကို နိုင်ငံတော်အစိုးရက ဥပဒေနှင့်အညီ ထိန်းကျောင်းတည့်မတ်နိုင်ရန်အတွက် အမည်မည်းစာရင်း(Black List) ထည့်သွင်းကာ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်တို့ မြန်မာနိုင်ငံ၏လူဦးရေ ၅၁ သန်းကျော်အနက် (၂)%ခန့်ဖြစ်သည့် တစ်သန်းခန့်သည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဖွဲ့စည်းမှုများ၊ လုပ်ငန်းလည်ပတ်မှုယန္တရားများ စနစ်တကျ ခိုင်မာအားကောင်းရန်လိုအပ်ပြီး ပြည်သူများ၏ လိုလားချက်များ၊ လိုအပ်ချက်များကို ချော်မွေ့မြန်ဆန်စွာ ကူးသန်းသွားလာရသည်မှာ လွယ်ကူချောမွေ့သည်။ တံတားမကောင်းလျှင် ကူးသန်းသွားလာရာတွင် အခက်အခဲရှိနိုင်သည်။ တစ်နည်းအားဖြင့် အစိုးရနှင့် ပြည်သူတို့ ဆက်ဆံရေးပြေပြစ်မည်မဟုတ်ပေ။ နိုင်ငံတစ်နိုင်ငံတွင် ဝန်ထမ်းများ အရည်အသွေးမြင့်မားပြီး ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာရန် အရေးကြီးသည့်အားလျော်စွာ မြန်မာနိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သည်။ ဝန်ထမ်းတစ်ဦးဖြစ်လာသည်နှင့် ထမ်းဆောင်ရမည့်တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများ၊ ခံစားခွင့်များ၊ ဌာနဆိုင်ရာ အရေးယူခြင်းနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ကြရမည်ဖြစ်သည်။ စိတ်ခံစားမှုကိုယ်စီနှင့် ယုံကြည်ချက်၊ ခံယူချက်အပေါ်မူတည်ပြီး စိတ်ခံစားချက်များရှိနိုင်သကဲ့သို့ ပတ်ဝန်းကျင်စေ့ဆော်မှုကြောင့်လည်း စိတ်ခံစားမှုများ ပြောင်းလဲတတ်ကြသည်။ စိတ်ခံစားချက်ကြောင့် ချစ်ခြင်း၊ မုန်းခြင်း၊ နှစ်သက်ခြင်း၊ သက်ဝင်ယုံကြည်ခြင်း၊ မလိုမုန်းထားခြင်း၊ ဆန့်ကျင်ခြင်း၊ ပေါင်းစုခြင်း၊ ဒေါသဖြစ်ခြင်း စသည်တို့ ကိန်းအောင်းလာတတ်ကြသည်။ စိတ်ခံစားချက်ကိုသာဦးစားပေး၍ အမှားနှင့် အမှန်ကို ခွဲခြားသိမြင်နိုင်သော ဉာဏ်ပညာဆိုသည့်ချွန်းအုပ်ပြီး ထိန်းချုပ်ကာ မဆောင်ရွက်နိုင်ပါက စစ်မှန်သည့် ကောင်းကျိုးချမ်းသာ ရရှိမည်မဟုတ်ပါ။

ဒီမိုကရေစီဆိုသည်မှာ ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ၊ အများဆန္ဒနှင့်အညီ စီမံအုပ်ချုပ် ဆောင်ရွက်ရခြင်းဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် အများဆန္ဒနှင့်အညီဟု ဆိုသော်လည်း ဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်သည်။ "လူညီရင် ဘုံကို ကျွဲဖတ်သည်" ဟူသည့်ပုံစံမျိုး သွား၍မရပေ။ ပါတီစုံဒီမိုကရေစီစနစ်အရ ငါးနှစ်တစ်ကြိမ် နိုင်ငံတော်အာဏာကိုရယူရန် ဦးတည်ဆောင်ရွက်ခဲ့ခြင်းသည် ဒီမိုကရေစီစနစ်၏ အနှစ်သာရကို ဖျက်ဆီးခဲ့ခြင်းပင်ဖြစ်သည်။ ထိုစဉ်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံတော်သမ္မတတို့က မဲမသမာမှုများကို ဖြေရှင်းခြင်းမပြုဘဲ ဒီမိုကရေစီကျင့်စဉ်နှင့် မလျော်ညီသော နည်းလမ်းများဖြင့် နိုင်ငံတော် အချုပ်အခြာအာဏာကို ရယူရန်အတွက် တတိယအကြိမ် လွှတ်တော်ခေါ်ယူကာ အစိုးရတစ်ရပ် ဖွဲ့စည်းနိုင်ရေးကိုသာ အဓမ္မနည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ မလွှဲမရှောင်နိုင်သောအခြေအနေ ဖြစ်ပေါ်လာပြီး မည်သို့မျှ ညှိနှိုင်းအဖြေရှာ၍မရတော့သဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ နိုင်ငံရေးအခင်းအကျင်းဖြစ်စဉ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ယခုအခါတွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် တတိယအကြိမ် လွှတ်တော်များကို ခေါ်ယူကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါ လွှတ်တော်ကိုယ်စားလှယ်များက ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရတစ်ရပ်လည်း ပေါ်ပေါက်လာပြီဖြစ်ကာ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီ လမ်းကြောင်းအပေါ် ခိုင်မာစွာ လျှောက်လှမ်းနေပြီဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း (Black Lists)တွင်ပါဝင်နေ၍ စိုးရိမ်ပူပန်စိတ်ဖြင့် အခြားနေရာများသို့ ရှောင်တိမ်းနေသည်ကို သိရှိရသည့်အတွက် အဆိုပါဝန်ထမ်းများအနေဖြင့် မိမိတို့ရောက်ရှိနေသည့်နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများသို့လည်းကောင်း၊ နီးစပ်ရာ မြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ဆက်သွယ်ပါရန်နှင့် ဆက်သွယ်လာသူများကို စိစစ်ပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသည့် ဝန်ထမ်းများနှင့် ပြစ်မှုကျူးလွန်၍ ပြစ်ဒဏ်ကျခံပြီးသော်လည်း Black Lists ဝင်နေသူများကို အမည်မည်းစာရင်း(Black Lists)မှ ဖြေလျှော့ပေးလျက်ရှိပါကြောင်း နိုင်ငံတော်အစိုးရအနေဖြင့် သတင်းထုတ်ပြန်ဖိတ်ခေါ်ပေးလျက်ရှိပါသည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုရရှိအောင် ထိန်းသိမ်းနိုင်ရန်အတွက် အမည်မည်းစာရင်းတွင် ပါဝင်ခဲ့ကြသော်လည်း ထိုသို့ နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အကြောင်းအမျိုးမျိုးဖြင့် အမည်မည်းစာရင်းတွင် ပါဝင်နေကြသူများကို အမည်မည်းစာရင်းမှ ဖြေလျှော့ပေးနိုင်ရန်အတွက် အဆိုပါ ဝန်ထမ်းများကို မိမိတို့ရောက်ရှိနေသည့် အရပ်တွင်ရှိသည့် ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ ရုံးများ၊ နီးစပ်ရာမြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ပြည်ပရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ပြန်လည်သတင်းပို့ ဆက်သွယ်ကြရန် ၁၂-၇-၂၀၂၄ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီး ထိုသို့သတင်းပို့ဆက်သွယ်လာသည့် **ဌာနကင်းကွာဝန်ထမ်း ၇၂၉၄ ဦး**ကို အမည်မည်းစာရင်းမှ ဖြေလျှော့ပေးခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးဖြင့် ဌာနကင်းကွာဝန်ထမ်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနကင်းကွာမှုအခြေအနေပေါ်မူတည်ပြီး စိစစ်တင်ပြလာပါက အမည်မည်းစာရင်း (Black List) ရေးသွင်းခံထားရခြင်းမှ ပယ်ဖျက်ပေးလျက်ရှိသဖြင့် သတင်းပို့ဆက်သွယ်ရန် ကျန်ရှိနေသူများသည်လည်း အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးနိုင်ရေးအတွက် သတင်းပို့ဆက်သွယ်ကြရန် ၃၁-၁-၂၀၂၆ ရက်တွင် ထပ်မံကြေညာချက်ထုတ်ပြန်ထားရှိပါသည်။

အမည်မည်းစာရင်းတွင် ပါဝင်နေဆဲ ဌာနကင်းကွာ ဝန်ထမ်းများအနေဖြင့် အမည်မည်းစာရင်းမှ ဖြေလျှော့ပေးနိုင်ရန်အတွက် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည့် မိမိတို့ရောက်ရှိရာ အရပ်ဒေသမှတစ်ဆင့် မိမိတို့တာဝန်ထမ်းဆောင်ခဲ့သည့်ဌာနများသို့ သတင်းပို့ဆက်သွယ်ပေးကြရန် လိုအပ်ပါသည်။ သို့မှသာ သက်ဆိုင်ရာဝန်ကြီးဌာနက စိစစ်တင်ပြပြီး အမည်မည်းစာရင်းမှ ပယ်ဖျက်ရေး ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ စေတနာဖြင့် ယခုကဲ့သို့ ထုတ်ပြန်ပေးနေမှုများကို သိရှိပြီး သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများသို့ အမြန်ဆုံးဆက်သွယ်ကြရန် **အမည်မည်းနှင့် အမြဲမနေစေလို**ပါကြောင်း တိုက်တွန်းရေးသားလိုက်ပါသည်။

# အကျိုးကျေးဇူးများသည့် တစ်ပြိုင်တည်းဝါကောက်သိမ်းခြင်း

**စိုးမိုးဝင်း(စိုက်ပျိုးရေး)**

မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် ဝါသည် အရေးပါသော စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ပံ့ပိုးပေးနေသည်။ မြန်မာနိုင်ငံတွင် ဝါသီးနှံကို တစ်ဧကအထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေး ကြိုးစားဆောင်ရွက်လျက်ရှိသည်။ ဝါသီးနှံပန်းတိုင်အထွက်နှုန်းရရှိရန် မျိုးကောင်းမျိုးသန့်အသုံးပြုရေး၊ တစ်ဧက သတ်မှတ်အပင်ရေ ပြည့်မီရေး၊ သွင်းအားစုများ သတ်မှတ်နှုန်းထား အတိုင်းသုံးစွဲရေး၊ ပန်းပွင့်ချိန်၊ ဝတ်မှုန်ကူးချိန်နှင့် အစေ့အဆန်ထည့်ချိန်တို့တွင် ရေငတ်ဒဏ်မခံနိုင်သည့်အတွက် ရေစီမံခန့်ခွဲမှု ကောင်းမွန်ရေး၊ ပိုးမွှား ရောဂါကာကွယ်နှိမ်နင်းရေး၊ ပေါင်းမြက်နှိမ်နင်းရေး စသည်တို့ကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်သည်။



ကျောက်ဆည်မြို့နယ်ရှိ တစ်ပြိုင်တည်းဝါကောက်သိမ်းနိုင်သော ဝါစိုက်ခင်းကို တွေ့ရစဉ်။

ဝါစိုက်ပျိုးထုတ်လုပ်ရာတွင် ဝါကောက်သိမ်းခြင်းသည် လုပ်အားကို အများဆုံး အသုံးချရသောလုပ်ငန်းဖြစ်သည်။ ဝါပင်သက်တမ်းတစ်လျှောက် နှစ်ကြိမ်မှ သုံးကြိမ်ထိ ဝါကောက်ကြရာ လုပ်အားလိုအပ်ချက်များပြားနေသည်။ ယခုအခါ ကျေးလက်ဒေသများတွင် လုပ်သားရှားပါးပြီး လုပ်သားခစရိတ်ကြီးမြင့်နေသည့်အတွက် လုပ်သားရှားပါးမှုသည် ဝါကောက်သိမ်းရန်အတွက် အခက်အခဲတစ်ခုဖြစ်နေသည်။ တစ်ပြိုင်တည်းဝါကောက်သိမ်းခြင်းသည် ထိုအခက်အခဲများကို ဖြေရှင်းပေးနိုင်ပြီး အခြားအကျိုးကျေးဇူးများစွာကိုလည်း ရရှိနိုင်သည်။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင်ရှိသည့် လွန်ကျော်ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံတွင် ဝါမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးခြင်း၊ ဝါသုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် တောင်သူပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ တစ်ပြိုင်တည်း ဝါကောက်သိမ်းခြင်းနည်းစနစ်များကို ၂၀၂၆-၂၀၂၇ ခုနှစ် မိုးကြိုရာသီတွင် သရုပ်ပြစိုက်ခင်း ဆောင်ရွက်ထားပြီး တောင်သူများကို ပညာပေးလျက်ရှိသည်။

**တစ်ပြိုင်တည်းဝါကောက်သိမ်းခြင်း**

တစ်ပြိုင်တည်း ဝါကောက်သိမ်းခြင်းဆိုသည်မှာ ဝါကောက်ရာတွင် လူအင်အားဖြင့် အကြိမ်ကြိမ်လိုက်လံကောက်ယူရသည့်စနစ်အစား ဝါခင်းတစ်ခုလုံးကို ခင်းလုံးကျွတ် တစ်ကြိမ်တည်း၊ တစ်ပြိုင်တည်း ကောက်ယူသောစနစ်ဖြစ်သည်။ ဝါကောက်သိမ်းအကြိမ်ရေကို လျှော့ချနိုင်ပြီး တစ်ပြိုင်တည်း တစ်ကြိမ်တည်း ကောက်သိမ်းခြင်းဖြင့် ဒုတိယသီးနှံကို ရာသီမီစိုက်ပျိုးနိုင်သည်။ ထို့ပြင် ဝါကောက်သိမ်းရန် လုပ်သားရှားပါးခြင်းကို ဖြေရှင်းနိုင်ပြီး လုပ်ငန်းဆောင်ရွက်မှု တွင်ကျယ်စေရန်၊ ရေရှည်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲရာတွင် ဝါကောက်စက်ဖြင့် တစ်ကြိမ်တည်း တစ်ပြိုင်တည်း ကောက်သိမ်းနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

တစ်ကြိမ်တည်းဝါကောက်သိမ်းရာတွင် ယေဘုယျအားဖြင့် ဝါသီးနှံများ ၉၀ ရာခိုင်နှုန်းကျော် ပွင့်လာချိန်တွင် ကောက်ယူလေ့ရှိပြီး စက်ဖြင့်ကောက်သိမ်းရလွယ်ကူစေရန် အရွက်များကို ဓာတုဆေးဖြင့် ကြွေစေရန်လုပ်ဆောင်ရသည်။ ဤနည်းလမ်းသည် အထူးသဖြင့် ဝါသီးနှံကို တစ်ကွင်းတစ်ဆက်တည်း စိုက်ဧရိယာများများစိုက်သော စိုက်ခင်းများအတွက် စက်ဖြင့်တစ်ကြိမ်တည်း ကောက်သိမ်းနိုင်ခြင်းကြောင့် လုပ်ငန်းစွမ်းဆောင်ရည်ကို အဆမတန် တိုးတက်မြင့်မားစေသည်။

**ဆောင်ရွက်ရမည့်နည်းလမ်းများ**

တစ်ပြိုင်တည်း ဝါကောက်သိမ်းခြင်းတွင် အဓိကအားဖြင့် နည်းလမ်းသုံးခုပါဝင်သည်။ ၎င်းတို့မှာ အပင်ကျပ်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ အပင်ကြီးထွားမှုထိန်းချုပ်ခြင်းနှင့် ဓာတ်မြေဩဇာ အချိုးကျ သုံးစွဲခြင်းတို့ဖြစ်သည်။

**(၁) အပင်ကျပ်စနစ်ဖြင့်စိုက်ပျိုးခြင်း**

ချည်မျှင်ရှည်ဝါကို တန်းကြား နှစ်ပေခွဲ၊ ပင်ကြား ခြောက်လက်မစနစ်ဖြင့် တစ်ဧကလျှင် အပင်ရေ ၃၄၈၄၈ ပင် ဝင်ဆံ့အောင် စိုက်ပျိုးရမည်။ အပင်သေ၊ အပင်ပျောက်များကို အချိန်မီအပင်ဖာထေး စိုက်ပျိုးရမည်။ ဝါကောက်သိမ်းချိန်တွင် အပင်ရေ လျော့နည်းခြင်းမရှိအောင် အထူးဂရုစိုက်ဆောင်ရွက်ရမည်။

**(၂) အပင်ကြီးထွားမှုထိန်းချုပ်ခြင်း**

ဝါပင်ကြီးထွားမှုကို လိုအပ်သလို ထိန်းချုပ်နိုင်ရန်အတွက် အပင်ကြီးထွားမှုထိန်းညှိဆေးနှင့် အပင်အာဟာရများကို စနစ်တကျ အသုံးပြုရမည်။ ဝါပင်တွင် အပိန့်စဝင်ချိန်ရက် ၃၀ မှ ၃၅ ရက်သားတွင် အပင်ကြီးထွားသီးပွင့်အထွက်တိုး ဟော်မုန်းဆေးဖြစ်သည့် ဂျစ်ဘရဲလစ်အက်စစ် (Gibberellic Acid) ကို တစ်ဧကလျှင် ၁၃ ဂရမ်မှ ၂၀ ဂရမ်နှုန်း အသုံးပြုရမည်။ ရေလေးဂါလန်ဝင် ဆေးဖျန်းပုံးတစ်ပုံးတွင် ၁၀ ဂရမ် ဆေးပြားတစ်ပြား၏ လေးပုံတစ်ပုံကို ဖျော်စပ်ပြီး နှံ့စပ်စွာပက်ဖျန်းရမည်။ တစ်ဧကအတွက် ဆေးဖျန်းပုံး ငါးပုံးမှ ရှစ်ပုံးထိ အသုံးပြုနိုင်သည်။

ပန်းစပွင့်ချိန်ဖြစ်သောရက် ၅၀ မှ ၅၅ ရက်သားတွင် တစ်ဧကလျှင် အနည်းလိုအာဟာရ ရွက်ဖျန်းမြေဩဇာဘိုးရပ်စ် (Borax)ကို ၁၄၀ ဂရမ်မှ ၁၈၀ ဂရမ်နှင့် ဇင့်ဆာလဖိတ်(Zinc Sulphate) ၄၀၀ မှ ၅၀၀ ဂရမ်နှုန်း အသုံးပြုရမည်။ ရေလေးဂါလန်ဝင် ဆေးဖျန်းပုံးတစ်ပုံးတွင် ဘိုးရပ်စ် ၂၀ ဂရမ်နှင့် ဇင့်ဆာလဖိတ် ၆၀ ဂရမ်တို့ကိုဖျော်စပ်ပြီး နှံ့စပ်စွာ ပက်ဖျန်းရမည်။ တစ်ဧကအတွက် ဆေးဖျန်းပုံး ခုနစ်ပုံးမှ ကိုးပုံးထိ အသုံးပြုနိုင်သည်။

အပင်သက်တမ်း ၆၅ ရက်သားခန့်တွင် တစ်ဧကလျှင် အပင်ကြီးထွားမှု ထိန်းညှိဆေးပစ် (Pix – Mepiquat Chloride) ၂၀၀ စီစီမှ ၂၅၀ စီစီနှုန်း အသုံးပြုရမည်။ ရေလေးဂါလန်ဝင် ဆေးဖျန်းပုံး တစ်ပုံးတွင် ပစ် ၂၅ စီစီဖြင့်ဖျော်စပ်ပြီး နှံ့စပ်စွာ ပက်ဖျန်းရမည်။ တစ်ဧကအတွက် ဆေးဖျန်းပုံး ရှစ်ပုံးမှ ၁၀ ပုံးထိ အသုံးပြုနိုင်သည်။

ပန်းပွင့်ဖြိုင်ချိန်ဖြစ်သော ရက်သား ၇၀ တွင် တစ်ဧကလျှင် အနည်းလိုအာဟာရရွက်ဖျန်းမြေဩဇာ ဘိုးရပ်စ် (Borax) ၁၆၀ ဂရမ်မှ ၂၀၀ ဂရမ်နှင့် ဇင့်ဆာလဖိတ်(Zinc Sulphate) ၅၀၀ ဂရမ်မှ ၆၀၀ ဂရမ်နှုန်းအသုံးပြုရမည်။ ရေလေးဂါလန်ဝင် ဆေးဖျန်းပုံးတစ်ပုံးတွင် ဘိုးရပ်စ် ၂၀ ဂရမ်နှင့် ဇင့်ဆာလဖိတ် ၆၀ ဂရမ်တို့ကိုဖျော်စပ်ပြီး နှံ့စပ်စွာ ပက်ဖျန်းရမည်။ တစ်ဧကအတွက် ဆေးဖျန်းပုံး ရှစ်ပုံးမှ ၁၀ ပုံးထိ အသုံးပြုနိုင်သည်။

ဝါသီးကြီးထွားချိန်ဖြစ်သော ၈၅ ရက်သားခန့်တွင် တစ်ဧကလျှင် အပင်ကြီးထွားမှု ထိန်းညှိဆေးပစ် (Pix – Mepiquat Chloride) ၄၀၀ စီစီမှ ၅၀၀ စီစီနှုန်း အသုံးပြုရမည်။ ရေလေးဂါလန်ဝင် ဆေးဖျန်းပုံး တစ်ပုံးတွင် ပစ် ၃၅ စီစီဖြင့် ဖျော်စပ်ပြီး နှံ့စပ်စွာ ပက်ဖျန်းရမည်။ တစ်ဧကအတွက် ဆေးဖျန်းပုံး ၁၂ ပုံးမှ ၁၅ ပုံးထိ အသုံးပြုနိုင်သည်။

ဝါသီးကွဲချိန် ၁၃၀ ရက်သားတွင် တစ်ဧကလျှင် သီးကွဲဆေး(Ethephon) ၁၅၀၀ မှ ၁၈၀၀ စီစီနှုန်း အသုံးပြုရမည်။ ရေလေးဂါလန်ဝင် ဆေးဖျန်းပုံးတစ်ပုံးတွင် သီးကွဲဆေး ၁၂၀ စီစီဖြင့်ဖျော်စပ်ပြီး နှံ့စပ်စွာ ပက်ဖျန်းရမည်။ တစ်ဧကအတွက် ဆေးဖျန်းပုံး ၁၂ ပုံးမှ ၁၅ ပုံးထိ အသုံးပြုနိုင်သည်။

အပင်သက်တမ်း ၁၃၅ ရက်သားတွင် ရွက်ခြွေဆေး တစ်ဧကလျှင် ၁၅၀၀ စီစီ-၁၈၀၀ စီစီနှုန်း အသုံးပြုရမည်။ ရေလေးဂါလန်ဝင် ဆေးဖျန်းပုံး တစ်ပုံးတွင် ရွက်ခြွေဆေး ၁၂၀ စီစီဖြင့် ဖျော်စပ်ပြီး နှံ့စပ်စွာပက်ဖျန်းရမည်။ တစ်ဧကအတွက် ဆေးဖျန်းပုံး ၁၂ ပုံးမှ ၁၅ ပုံးထိ အသုံးပြုနိုင်သည်။

**(၃) ဓာတ်မြေဩဇာအချိုးကျသုံးစွဲခြင်း**

ဝါသီးနှံစိုက်ပျိုးချိန်တွင် မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် တီစူပါ ၅၀ ကီလိုနှင့် ပိုတက်ရှ် ၂၅ ကီလိုနှုန်း ထည့်သွင်းပေးရမည်။ အပိန့်စဝင်ချိန် ၃၀-၃၅ ရက်သားတွင် တစ်ဧကလျှင် ယူရီးယား ၂၅ ကီလို၊ တီစူပါ ၂၅ ကီလိုနှင့် ပိုတက်ရှ် ၂၅ ကီလိုနှုန်း ထည့်သွင်းပေးရမည်။ ပန်းစပွင့်ချိန် ၅၀ မှ ၅၅ ရက်သားတွင် တစ်ဧကလျှင် ယူရီးယား ၅၀ ကီလိုနှုန်း ထည့်သွင်းပေးရမည်။ ပန်းပွင့်ဖြိုင်ချိန် ၇၀ ရက်သားခန့်တွင် တစ်ဧကလျှင် ယူရီးယား ၂၅ ကီလို၊ ပိုတက်ရှ် ၂၅ ကီလိုနှုန်း ထည့်သွင်းပေးရမည်။

အပင်အာဟာရများနှင့် အပင်ကြီးထွားမှု ထိန်းညှိဆေးများ အသုံးပြုချိန်တိုင်းတွင် မြေတွင်းအစိုဓာတ်လုံလောက်အောင် ဆောင်ရွက်ပေးရမည်။ အပင်သက်တမ်း ၁၄၅ ရက်သားခန့်တွင် အလေအလွင့်မရှိစေဘဲ တစ်ပြိုင်တည်း ဝါကောက်သိမ်းရပါမည်။

**အကျိုးကျေးဇူးများ**

နည်းပညာသစ်ဟူသည် သမားရိုးကျနည်းလမ်းများ၏ အခက်အခဲများ၊ ပြဿနာများ၊ အားနည်းချက်များကို ဖြေရှင်းနိုင်စေရန် တီထွင်ထားကြခြင်းဖြစ်သည်။ နည်းပညာသစ်များကို အသုံးပြုခြင်းဖြင့် သမားရိုးကျနည်းလမ်းများထက် ကောင်းမွန်သာလွန်သော အကျိုးကျေးဇူးများကို ရရှိနိုင်သည်။ တစ်ပြိုင်တည်း ဝါကောက်သိမ်းခြင်းနည်းပညာကို အသုံးပြုခြင်းဖြင့် ဝါစိုက်တောင်သူများအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။

တစ်ချိန်တည်း တစ်ပြိုင်တည်း ဝါကောက်သိမ်းခြင်းဖြင့် ဝါကောက်သိမ်းသည့်အကြိမ်အရေအတွက်ကို လျှော့ချနိုင်ခြင်းနှင့် ဝါကောက်သိမ်းသက်တမ်းကို လျှော့ချနိုင်သည်။ ဝါကောက်သိမ်းအကြိမ်ကို လျှော့ချနိုင်သည့်အတွက် လုပ်သားများအပေါ်မှီခိုနေရမှုနှင့် လုပ်သားရှားပါးမှု ပြဿနာကို ဖြေရှင်းပေးပြီး လုပ်သားသုံးစွဲမှုကို လျှော့ချနိုင်သဖြင့် ကုန်ကျစရိတ်ကိုလည်း ချွေတာနိုင်သည်။ ဝါကောက်သိမ်းသက်တမ်းကို လျှော့ချနိုင်သည့်အတွက် ဝါကောက်သိမ်းပြီးနောက် စိုက်ပျိုးမည့်သီးနှံကို အချိန်မီ စိုက်ပျိုးနိုင်သည်။ မိုးရွာခြင်းကြောင့် ဝါပျက်စီးမှုမှ လွတ်ကင်းနိုင်ပြီး ပိုးမွှား၊ တိရစ္ဆာန်များ ဖျက်ဆီးမှုမှလည်း လွတ်ကင်းနိုင်သည်။

ထို့ပြင် ဝါစိုက်ပျိုးရာတွင် အပင်ရေ တိုးမြှင့်စိုက်ပျိုးခြင်း၊ အပင်ကြီးထွားမှုအဆင့်အလိုက် အာဟာရစီမံခန့်ခွဲခြင်းနှင့် အပင်ကြီးထွားမှု ထိန်းညှိခြင်းတို့ကြောင့် အထွက်နှုန်း တိုးတက်လာနိုင်ပါသည်။ တစ်ချိန်တည်း တစ်ပြိုင်တည်း ဝါကောက်သိမ်းခြင်းသည် လုပ်ငန်းတွင်ကျယ်ပြီး အလေ့အလွင့်နည်းပါးနိုင်သည်။

**လက်မှုလယ်ယာမှ စက်မှုလယ်ယာ**

ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးကို စီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်ကြသော နိုင်ငံတိုင်းသည် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲခဲ့ကြပြီးဖြစ်သည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲခြင်းသည် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်ကို လျှော့ချပေးပြီး အထွက်နှုန်းကို အဆမတန် တိုးတက်စေနိုင်သည်။ မြန်မာနိုင်ငံတွင်လည်း သမားရိုးကျ လက်မှုလယ်ယာလုပ်ငန်းမှ စက်မှုလယ်ယာသို့ ပြောင်းလဲလျက်ရှိသည်။ ထို့ကြောင့် တစ်ပြိုင်တည်းဝါကောက်သိမ်းခြင်း နည်းပညာသည် လူအင်အား အများအပြားသုံး၍ နှစ်ကြိမ်၊ သုံးကြိမ် ဝါကောက်သိမ်းခြင်းအစား တစ်ကြိမ်တည်း တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်ပြီး လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲနိုင်ရန်အတွက် အထောက်အကူပြုနိုင်သော နည်းလမ်းသစ်တစ်ခုဖြစ်သည်။

ဝါစိုက်တောင်သူများအနေဖြင့် တစ်ပြိုင်တည်း ဝါကောက်သိမ်းခြင်းနည်းကို လေ့လာလိုလျှင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင်ရှိသည့် လွန်ကျော်ဝါသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးခြံတွင် လေ့လာနိုင်သည်။ ဤနည်းကို လက်တွေ့အသုံးချနိုင်လျှင် တောင်သူများအတွက် အဓိကအားဖြင့် လုပ်သားရှားပါးမှုကို ကျော်လွှားနိုင်ခြင်း၊ ဝါအထွက်နှုန်းတိုးတက်ခြင်း၊ ဝါဂွမ်းများ ပျက်စီးဆုံးရှုံးမှုမရှိအောင် အမြန်သိမ်းဆည်းနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် အနာဂတ်တွင် ဝါခြွေစက်ဖြင့် ရိတ်သိမ်းခြင်းကို အလွယ်တကူ ဆောင်ရွက်နိုင်သည်။ ထို့ကြောင့် တောင်သူဦးကြီးများအနေဖြင့် အကျိုးကျေးဇူးများလှသည့် တစ်ပြိုင်တည်း ဝါကောက်သိမ်းခြင်းနည်းကို လက်တွေ့ ဆောင်ရွက်နိုင်စေရန် တင်ပြလိုက်ရပါသည်။

# Mahar TV Channel၊ Mahar Application၊ For You Application တို့က အမုန်းမျက်ရည် ရုပ်သံဇာတ်လမ်းတွဲကို ထုတ်လွှင့်ပြသမည်




ရန်ကုန် ဇူလိုင် ၁၇

Mahar TV Channel၊ Mahar Application၊ For You App-lication တို့က အမုန်းမျက်ရည် ရုပ်သံဇာတ်လမ်းတွဲကို ဇူလိုင် ၂၀ ရက်မှစတင်ကာ ထုတ်လွှင့်ပြသွားမည်ဖြစ်ကြောင်း အဆိုပါ အမုန်းမျက်ရည် ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ထက်အောင်ရှိုင်း ထံမှ သိရသည်။

အဆိုပါ အမုန်းမျက်ရည်ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို နေခန့်ကျော်က ရေးသားထားပြီး ဒါရိုက်တာ တင်အောင်ကျော်နှင့် တွဲဖက်ဒါရိုက်တာ နေခန့်ကျော်တို့က Royal King ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီဇာတ်ကားမှာ ခပ်ကြမ်းကြမ်းဆိုးရမဲ့ ကာရိုက်တာနဲ့ ပါဝင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ ဇာတ်ကောင်ကာရိုက်တာတွေပေါ် မူတည်ပြီး ဇာတ်ကားတွေကို လက်ခံဖြစ်တာများပါတယ်။ သရုပ်ဆောင်တွေက တော်တော်များတယ်။ ပရိသတ်အကြိုက်တွေ့စေမဲ့ ဒရာမာဇာတ်ကားလေးပါ။ အပိုင်း ၂၀ ပါဝင်ပါတယ်"ဟု သရုပ်ဆောင် ထက်အောင်ရှိုင်းက ပြောပြသည်။

အမုန်းမျက်ရည် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ထက်အောင်ရှိုင်း၊ ရှင်မွေလ၊ ဘုန်းမင်းနေလ၊ သားညီ၊ ဘုန်းလျှံ၊ ဦးဝင်းမြင့်၊ ဇင်မျိုး၊ နိုင်လူ၊ ကျော်ဇင်ထွဋ်၊ ယွန်းယွန်း၊ ယမုံမြင့်မြတ်၊ မေလသံစဉ်၊ ဘေဘီမောင်၊ ဝါဝါအောင်၊ အိမ့်ကြာဖြူ၊ သူဇာပွင့်နှင့် အခြားအနုပညာရှင်များပါဝင်ထားကြောင်း သိရသည်။

ASH

# Michael ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိ

နယူးယောက် ဇူလိုင် ၁၇

Lionsgate နှင့် ယူနီဗာဆယ် ကုမ္ပဏီတို့၏ Michael ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် ရရှိပြီဖြစ်ကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

Michael ဇာတ်ကားသည် စတင်ရုံတင်ပြီး သီတင်း ၁၂ ပတ်အကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ရရှိလာခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ Michael ဇာတ်ကားသည် ၂၀၂၆ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့သော ဒုတိယမြောက်ရုပ်ရှင်ဇာတ်ကားဖြစ်လာခဲ့ရသည်။

ထို့ပြင် Michael ဇာတ်ကားသည် Lionsgate ရုပ်ရှင်ကုမ္ပဏီအတွက် ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်လွန်ခဲ့သော ပထမဆုံးရုပ်ရှင်ဇာတ်ကား ဖြစ်လာခဲ့ကြောင်း သိရသည်။

Michael ဇာတ်ကားကို ဒါရိုက်တာ အင်တွိုင်းဖူကွာက တာဝန်ယူ ရိုက်ကူးပေးထားပြီး မင်းသားဂျာဖာဂျက်ဆင်က ဂန္ထဝင်ပေါ့အဆိုတော် မိုက်ကယ်ဂျက်ဆင်အဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# အိပ်မက်ကမ်းပါး ဇာတ်လမ်းတွဲကို HEY Play Application၊ HEY Play YouTube Channel တို့က ထုတ်လွှင့်ပြသမည်ဖြစ်

ရန်ကုန် ဇူလိုင် ၁၇

Hsu Latt Flim Productionက ရိုက်ကူးထုတ်လုပ်သည့် အိပ်မက်ကမ်းပါးဇာတ်လမ်းတွဲကို ဇူလိုင် ၂၂ ရက်မှစတင်ကာ HEY Play Ap-plication၊ HEY Play YouTube Channel တို့က ထုတ်လွှင့်ပြသွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်ထားသည့် သရုပ်ဆောင် ဆန်းထွဋ် ထံမှ သိရသည်။

အဆိုပါ အိပ်မက်ကမ်းပါး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ယင်းမာကျော်ဝင်းက ရေးသားထားပြီး ဒါရိုက်တာ ကျော်ထင်က Hsu Latt Flim Pro-duction အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ သုံးပွင့်ဆိုင် အချစ်ဒရာမာဇာတ်လမ်းတွဲလေးပါ။ အချစ်နဲ့ပတ်သက်ရင် အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးရှိကြပါတယ်။ တစ်ခါတလေမှာ အချစ်ဆိုတာ နားလည်ရခက်တဲ့ပဟေဠိလိုပါပဲ။ တချို့တွေက ပေါ့ပျက်ပျက်နဲ့ အဖြေထုတ်တတ်ကြတယ်။ တချို့တွေကျတော့လဲ လေးလေးနက်နက်နဲ့ တန်ဖိုးထား အဖြေရှာကြတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ လေးနက်သူတွေသာ အဖြေရှာရင်း ရင်မောပြီးကျန်ခဲ့ရတဲ့ရသကို ပေးမှာပါ"ဟု သရုပ်ဆောင် ဆန်းထွဋ်က ပြောပြသည်။




အဆိုပါ အိပ်မက်ကမ်းပါး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ဆန်းထွဋ်၊ ရှယ်ပူ၊ ဝိုင်း၊ ပြည့်ဖြိုးစံ၊ သက်ပိုင်၊ ဦးဘဂျမ်း၊ ဦးနေသွေး၊ ဦးစိုးအောင်၊ မိုးသားဦး၊ အေးမြတ်သူ၊ သာသာ၊ ထက်ယမင်းအိမ်၊ ဆုမွန်ဒြာဟန်၊ ကေခိုင်ထွန်း၊ လှဲ့ရည်ဝင်း၊ နွယ်၊ ကလေးသရုပ်ဆောင် ဆုရတနာထိုက်၊ ဟန်နီသျှံ၊ ဘုန်းပြည့်သျှံ၊ ကြယ်စင်သွန်းနှင့် သရုပ်ဆောင်များစွာပါဝင်ထားကြောင်း သိရသည်။

ASH

# The Fix လျှို့ဝှက်သည်းဖိုအက်ရှင်ဇာတ်ကားကို စက်တင်ဘာ ၁၁ ရက်တွင် ရုံတင်ပြသရန်စီစဉ်

နယူးယောက် ဇူလိုင် ၁၇

The Fix အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားကို ယခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ရုံတင်ပြသရန် Inaugural Enter-tainment ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဇူလိုင် ၁၆ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားကို ယခင်က Hotel Tehran ဟူ၍ အမည်ပေးထားသော်လည်း နောက်ပိုင်းတွင် The Fix ဟူ၍ ထုတ်လုပ်သူများက အမည်ပြောင်းလဲထားခြင်းဖြစ်ကြောင်း သိရသည်။

The Fix ဇာတ်ကားသည် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကယ်ဆယ်ရေးလုပ်ငန်းတစ်ခုကို ဆောင်ရွက်ရန်ကြိုးပမ်းခဲ့သော စီအိုင်အေ ထောက်လှမ်းရေးသမား သုံးဦးတို့၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ၊ ဒါရိုက်တာ ဂိုင်းမိုရေးက တာဝန်ယူ ရိုက်ကူးပေးထားကြောင်း သိရသည်။

The Fix ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ ဂိုင်းမိုရေးက ဇာတ်ညွှန်းရေးဆရာ မာ့ဘက်စီနှင့် ပူးတွဲရေးသားထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားတွင် မင်းသား လီယမ်နီဆင်၊ ဇာချာရီလီဗိုင်နှင့် ကွင်စီအီဆာရေးတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# ကျားဘီလူး ဇာတ်လမ်းတွဲကို ဇူလိုင် ၂၀ ရက်မှစတင်ကာ ရွှေနဒီအပလီကေးရှင်းက ထုတ်လွှင့်ပြသမည်ဖြစ်

ရန်ကုန် ဇူလိုင် ၁၇

စိုးရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ကျားဘီလူး ဇာတ်လမ်းတွဲကို ဇူလိုင် ၂၀ ရက်မှ စတင်ကာ ရွှေနဒီအပလီကေးရှင်းက ထုတ်လွှင့်ပြသွားမည်ဖြစ်ကြောင်း အဆိုပါကျားဘီလူးဇာတ်လမ်းတွဲတွင် ပါဝင်ထားသူ သရုပ်ဆောင် စစ်နိုင်က ပြောပြသည်။

ကျားဘီလူး ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ဖိုးကျော်(သန်လျင်)က ရေးသားထားပြီး ဒါရိုက်တာအဖြစ် ဖိုးကျော်(သန်လျင်)ကပင် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ကျွန်တော်က ဒီကျားဘီလူး ဇာတ်လမ်းတွဲမှာ အပြောကြမ်းပြီး ညီတွေကို မေတ္တာအပြည့်နဲ့ ချစ်တဲ့သူပေါ့။ ကိုယ့်ညီတွေကို အမြဲကာကွယ်စောင့်ရှောက်ပေးတတ်တဲ့ ညီကြီးကာရိုက်တာပါ။ နောက် အမှန်တရားတွေကို တဲ့တိုးပြောတတ်တာကြောင့် ရွာထဲမှာလဲ လူမုန်းများတဲ့သူနေရာက ပါဝင်ထားပါတယ်။ ဒီကားထဲက ညီကြီးက အပြောကြမ်းသလိုလက်ရဲဇက်ရဲ ရှိပြီးတော့ အမှားကို ခွင့်မလွှတ်တတ်သူလဲဖြစ်တယ်။ ရွာသားတွေရဲ့ မုန်းတီးမှုကို ခံနေရသူဖြစ်ပေမဲ့ မိဘတွေ ဆုံးပါးတဲ့နောက် ညီဖြစ်သူတွေကို ပခုံးထမ်းပြီး ဘဝကို ရုန်းကန်ခဲ့သူအဖြစ် တွေ့မြင်ရမှာပါ။ ပရိသတ်တွေ အားပေးကြပါအုံးလို့ပြောချင်ပါတယ်"ဟု သရုပ်ဆောင် စစ်နိုင်က ပြောပြသည်။

ကျားဘီလူးဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စစ်နိုင်၊ ထူးခြား၊ အံ့မင်းညို၊ မင်းဇော်ကောင်းစစ်ဟိန်း၊ အောင်ကောင်းဆက်၊ ဖိုးကျော်(သန်လျင်)၊ မုဏ်းငြိမ်း၊ ချစ်မမမိုး၊ ချောကလျာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Vice President U Nyo Saw addresses first meeting of National-level Coastal Resources Management Central Committee



**Vice President U Nyo Saw addresses the first meeting of the National-level Coastal Resources Management Central Committee.**

**Nay Pyi Taw July 17**

The first meeting of the National-level Coastal Resource Management Central Committee was held at the Ingyin Hall of Office-39 of the Forest Department in Nay Pyi Taw at 1 p.m today, addressed by Chairman of the National-level Coastal Resources Management Central Committee Vice President U Nyo Saw.

Present at the meeting were Union Minister for Agriculture, Livestock and Irrigation U Min Naung, Union Minister for Natural Resources and Environmental Conservation U San Oo, deputy ministers, directors-general involving in management of coastal areas and guests while chief ministers of regions and state joined the meeting online.

At the meeting, the Vice President said coastal resources are of upmost importance for food security, economic growth and sustainable development and measures are being taken with the aim of preserving them for the long-term utilization of posterity. By striking the balance between national development and environmental conservation, emphasis must be placed on sustainable development goals of the country.

As measures for coastal rescources management, reduction of illegal fishing, application of Vessel Monitoring System (VMS), designation of fishing seasons and areas, formation of Myanmar Coastal Guards, drafting the law on water pollution and promotion of research and education sectors could be carried out. Progress has also been achieved in management of plastic waste in coastal regions and expansion of mangrove forests.

Based on the Integrated Coastal Management -ICM of coastal areas of Myanmar approved in 2024, the concepts such as Green Economy, coastal Blue Economy and Circular Economy must be integrated and implemented. Only then, can environmental conservation, economic growth and development of socio-economic lives of the people be effectively realized in harmony.

Members of the committee are required to make concerted efforts for linking development tasks for coastal and ocean resources with regional programs and to discuss existing and future measures and tasks for sustainable and balanced development of coastal areas and ocean waters based on their relevant sectors and organizations at the meeting.

Then, an educational video clip about conservation of coastal area was screened and Director General of the Forest Department U Kyaw Zeya explained the tasks and progress of the committee.

Afterward, members of the central union ministers, chief ministers of regions and states and deputy ministers discussed completed and future tasks for national-level resources management of respective departments and regions.

Then, the Vice President reviewed the discussions, coordinated necessary tasks and made concluding remarks. The meeting concluded successfully.

MNA

# Vice President Daw Nan Ni Ni Aye attends and delivers address at the Fifth International Forum on Trans-Himalayan Cooperation

**Nyingchi July 17**

The opening ceremony of the Fifth China Xizang Trans-Himalaya Forum for International Cooperation, held to deepen international cooperation in the Trans-Himalayan region and promote regional collaboration and shared development, took place this morning at the Nyingchi Rui Crown Hotel in Nyingchi (Linzhi), Xizang Autonomous Region, People's Republic of China and Vice President Daw Nan Ni Ni Aye of the Republic of the Union of Myanmar attended the ceremony and delivered an address.

The event was attended by Mr. Wang Junzheng, Party Secretary of the Xizang Autonomous Region; Mr. Wang Guangqian, Vice Chairman of the National Committee of the Chinese People's Political Consultative Conference (CPPCC); Ms. Ruby Kumari, Deputy Speaker of Nepal's House of Representatives; ministers, senior officials, delegates and experts from more than 50 countries, including Sri Lanka, Pakistan, Cambodia, Singapore, Argentina, the Republic of Korea, Chile, Bangladesh, Serbia and Italy, as well as representatives of relevant organizations, emeritus professors and university students.

Before the opening ceremony, Vice President Daw Nan Ni Ni Aye joined heads of delegations, ministers, scholars and representatives from participating countries for a group photograph.




**Vice President Daw Nan Ni Ni Aye poses for a group photo at the opening ceremony of the Fifth China Xizang Trans-Himalaya Forum for International Cooperation.**

The ceremony began with opening remarks by the Party Secretary of the Xizang Autonomous Region, followed by an address from the Vice Chairman of the CPPCC National Committee on the significance and objectives of the forum.

In her keynote address, the Vice President said the forum serves as an important platform for strengthening regional cooperation across the Trans-Himalayan region and supporting the achievement of the goals of the Kunming-Montreal Global Biodiversity Framework (KMGBF). She noted that Myanmar has promoted cooperation with international organizations and the scientific community for many years. She highlighted the biodiversity conservation project jointly implemented by Myanmar's Forest Department and the Chinese Academy of Sciences as a notable example of bilateral cooperation. Through the project, researchers and scientists from both countries conducted extensive joint biodiversity studies, particularly in northern Myanmar, leading to the discovery of numerous new species of plants, fish, spiders and shrimp.

*See Page 14*

# Commander-in-Chief of Defence Services General Ye Win Oo observes Myanmar-Russia Joint Exercise (Tiger-2026)



**Commander-in-Chief of Defence Services General Ye Win Oo delivers a speech after the Myanmar-Russia Joint Exercise (Tiger-2026).**

**Nay Pyi Taw July 17**

Commander-in-Chief of Defence Services General Ye Win Oo this morning observed the Myanmar-Russia Joint Exercise (Tiger-2026) jointly held by Myanmar Army and Russian Army, with the aim of sharing battle field experiences at the training zone of a local training school, Ottarathiri Station, Nay Pyi Taw Council Area.

General Ye Win Oo was accompanied by Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, Union Minister for Defence General Tun Aung, Chief of General Staff (Army, Navy and Air) General Ko Ko Oo, Commander-in-Chief (Navy) Admiral Htain Win, Commander-in-Chief (Air) Lt-Gen Tun Win, senior military officers from Office of Commander-in-Chief, and the Nay Pyi Taw Command commander. Lt-Gen Nosulev Mikhail Yakovlevich of the Russian Armed Forces, the Russian Ambassador to Myanmar and officials were also present.

The Commander-in-Chief of Defence Services and party arrived at the observation platform of the venue of the military exercise, and heard a report on the program of the joint military exercise. The Commander-in-Chief of Defence Services gave necessary guidance.

The joint Myanmar-Russian teams conducted the drills according to the agenda, which included, drone reconnaissance missions launched by the drone team inside the enemy territory; landing of the raid teams at the helipad by helicopter; the sniper team engaging enemy fireteams with sniper rifles, pre-emptive strikes using FPV and heavy drones; conducting of the drills in accord with the attack plan, and capturing respective objectives through phase by phase penetration and destruction of the enemy. Afterward, the exercise came to an end.

The General and attendees watched a video clip on preparation to conduct the Myanmar-Russia Joint Exercise (Tiger-2026) between troops of Myanmar and Russian armies. Two Quadcopter drones hanging flags of Myanmar and Russia flew over the venue as ppart of successful completion of the exercise.

With regard to the joint exercise between Myanmar and Russian armies, Lt-Gen Nosulev Mikhail Yakovlevich, leader of the Russian armed forces delegation, delivered a speech of honour, saying that the Myanmar-Russia joint army exercise, which marks an important milestone in advancing professional cooperation between the two countries, has been successfully concluded. Through the exercise, they exchanged experiences, held discussions and reviews, and conducted practical training, enabling us to successfully strengthen cooperation on the basis of mutual respect and trust.

The opportunity to work together, learn from each other's best practices, and jointly identify effective solutions has been immensely valuable. He stated that the knowledge and experience gained from this exercise will be successfully applied in the future. He expressed his belief that the friendship and professional ties established during this exercise will continue to grow stronger and endure.

He expressed his heartfelt gratitude to all the leaders, instructors, service personnel, and officials who participated and cooperated with professionalism, responsibility, and dedication to ensure the success of this exercise. He stated that the joint training between the Myanmar and Russian armies will continue to grow stronger, further promoting mutually beneficial partnership and creating new opportunities to deepen relations between the two countries. Finally, he wished everyone every success and pray that their countries may enjoy lasting peace, stability, and prosperity.

General Ye Win Oo also delivered a speech, saying that today's exercise was a joint military offensive training exercise conducted by the Special Operations Task Force of the Myanmar Tatmadaw and Russian troops to assault and eliminate a strategically important enemy-held hill that had been firmly fortified within enemy-controlled territory. The exercise involved employing UAVs, drones, and



**Commander-in-Chief of Defence Services General Ye Win Oo presents a fruit basket to the participating troops.**

snipers, together with special operations forces, to attack and neutralize the enemy's main defensive hill and other positions where enemy forces had been dispersed.

The exercise was highly beneficial for both the participating personnel and the observers, as it provided an opportunity to witness the combined use of military equipment produced by the Defence Industries of Myamar Tatmadaw and advanced military equipment currently used by the Russian Armed Forces in coordinated operations. In addition, they were able to witness and appreciate the image of special task forces personnel of Myanmar and Russian troops operating and engaging in combat in a well-coordinated manner on the battlefield with a strong spirit of comradeship.

Along with the combat operations, they also had the opportunity to observe the rapid and timely evacuation and transport of injured servicemen from the operational area using unmanned robotic ambulances, which were deployed without delay to rescue wounded troops from dangerous combat zones under enemy fire. Similarly, they were able to study and observe the capabilities and combat applications of drones and FPV (First-Person View) systems, which represent a feature of modern warfare and are effectively used on today's battlefields to inflict significant damage on enemy forces.

The friendship and cordial relations between Myanmar and the Russian Federation have continued to develop and strengthen over many years up to the present. The relations between the two countries have been maintained with close and warm ties, and bilateral military cooperation has also been progressively advancing each year. Reciprocal visits by the chiefs of the two armed forces and senior military officers have been regularly taking place.

If we examine the cooperative exercises between the Russian Armed Forces and the Myanmar Armed Forces, it can be seen that the Myanmar Armed Forces have participated in various sectors, including the Caucasus 2020 (Kavkaz) international military exercise held in Russia in 2020, the ASEAN Plus Counter-Terrorism Expert Working Group Field Training Exercise held in Vladivostok, eastern Russia, in 2023, the multinational Army Games competitions, and sports competitions between the two countries' officer cadets. Through these, they have gained numerous international experiences. These experiences have greatly contributed to enhancing the capabilities for building our Myanmar Armed Forces into a modern Standard Army.

The current MYANMAR-RUSSIA JOINT EXERCISE (TIGER-2026) marks the first-ever joint exercise between the ground forces of the Myanmar Armed Forces and the Russian Armed Forces. The opportunity to practically handle and train with the military weapons and equipment brought by Russia for use in the exercise will further deepen the friendship, trust, and partnership cooperation between the two armed forces.

I acknowledge all the personnel from both countries who participated in today's exercise, as well as the responsible officers and soldiers from both armed forces

*See Page 14*



Myanmar-Russia Joint Exercise (Tiger-2026) is in progress.

*From Page 13*

who worked hard to ensure the successful conduct of the exercise. The valuable experiences and friendships gained from this exercise will not only further promote long-lasting and sustainable cooperation between the Myanmar and Russian armed forces but also create positive and improved outcomes between the two militaries. I also extend my best wishes for the mental well-being, physical health, and completeness of all the Myanmar and Russian military personnel who took part in the exercise.

Afterwards, the Commander-in-Chief of Defence Services and the head of the Russian military delegation exchanged commemorative plaques and gifts. Subsequently, the Commander-in-Chief of Defence Services presented fruit baskets as gifts to the troops who participated in the exercise.

Then, the Commander-in-Chief of Defence Services and his delegation, together with the Russian military personnel, took a group commemorative photo to mark the successful completion of the joint exercise between the Myanmar and Russian ground forces.

Following that, Commander-in-Chief of Defence Services General Ye Win Oo hosted an honorary luncheon for the head of the Russian military delegation, Lieutenant General Nosulev Mikhail Yakovlevich, and his contingent.

During the luncheon, the Myawady Music Band under the Office of the Directorate of Public Relations and Psychological Warfare and Russian artists performed songs. After the luncheon, the Deputy Commander-in-Chief of Defence Services Commander-in-Chief (Army), and the head of the Russian military delegation presented honorary flowers to the performing artists.

This joint exercise between the Myanmar and Russian ground forces commenced on July 6 at the local training school and special forces training ground in Uttarathiri Township, with Myanmar and Russian troops participating together. Subjects including engineering, drones, sniping, medical, communications, jungle operations, and mountain operations, along with battlefield experiences, were taught theoretically and practically by both Russian and Myanmar instructors. Today, practical demonstration exercises were conducted.

During their temporary stay in Myanmar, the Russian military instructors and personnel who participated in the exercise visited the Maravijaya Buddha Image in Nay Pyi Taw to pay their respects, toured the Defence Services Museum and other landmark sites, and held friendship sports competitions between the two armed forces.

100

*From Pge 12*

The Vice President also noted that Myanmar, together with China, is a founding member of the International Centre for Integrated Mountain Development (ICIMOD). She said Myanmar has been collaborating with member countries in the Himalayan region on scientific research related to social, economic and environmental development to support evidence-based policymaking aimed at environmental protection and improving people's livelihoods.

She emphasized that Myanmar is giving priority to implementing green development and green economy policies, frameworks and strategies to promote the country's socio-economic development through comprehensive, cross-sectoral approaches and broad-based cooperation. She called for greater investment in biodiversity conservation, restoration and sustainable use through nature-based solutions and urged all stakeholders to take effective action to address the underlying causes of biodiversity loss across the Trans-Himalayan region.

Recognizing the mutual benefits of bilateral and multilateral cooperation, she reaffirmed Myanmar's commitment to actively participating in projects under the Belt and Road Initiative (BRI) involving Trans-Himalayan countries. She expressed confidence that the forum would strengthen international cooperation across the region while promoting harmony between humanity and nature.

Representatives from participating countries, including deputy speakers of the House of Representatives, ministers, senior officials, scholars and representatives of organizations, also delivered remarks before the opening ceremony concluded.

The forum is expected to enhance international cooperation in the Trans-Himalayan region, strengthen joint participation among countries, and promote shared development and mutually beneficial cooperation.

MNA

# Labutta Township sells large number of black gram bags to Yangon market in June

**Labutta July 17**

Local merchants from Labutta Township of Ayeyawady Region supplied a large number of black gram bags to Yangon market in June, said Daw Thin Thin, the owner of agricultural produce trading in Labutta Township.

During May, Labutta Township shipped only 35,000 bags of black gram (24-pyi bags) to the Yangon market. In June, shipments increased to 46,000 bags. Black gram produced in the township is purchased by local agricultural produce traders and transported to Yangon for sale.

"In June, we shipped 46,000 bags of black gram (24-pyi bags) from Labutta Township to Yangon. At present, there is still strong demand from Yangon buyers for locally produced pulses.

Demand from Yangon has increased because export markets have resumed strong purchases of black gram. Black gram and mung beans are mainly exported to China. We have learned that demand from overseas markets has become very strong," said Daw Thin Thin.

Black gram shipped from Labutta Township to the Yangon market is currently selling at K127,000 per 24-pyi bag. Strong prices and rising demand for black gram are benefiting farmers, traders, loading and unloading workers, and truck operators involved in transporting the crop.

Kyaw Kyaw Lin

# Diesel prices rebound squeezes U.S. truckers, drives up freight costs

**Los Angeles July 17**

Diesel prices are climbing again across the United States due to renewed fighting in the Gulf, pressuring truckers and shippers still recovering from a years-long freight slump and pushing transportation costs higher for consumers.

The national average diesel price rose above 5.00 dollars a gallon Thursday, up from 3.72 dollars a year earlier, according to the American Automobile Association. Diesel prices rose 6.7 cents from the previous day and nearly 20 cents from a week earlier. The prices are far above the level carriers budgeted for this year.

Federal data tells a similar story. The U.S. Energy Information Administration (EIA) said the average on-highway diesel price was 4.796 dollars a gallon for the week ending July 13, up 21.8 cents from a week earlier and 1.057 dollars higher than the comparable week last year. The weekly government benchmark is closely watched because many trucking contracts use it to calculate fuel surcharges.

The increases have been especially painful on the West Coast. EIA reported California diesel at 6.126 dollars a gallon in the latest weekly survey, while the West Coast average stood at 5.550 dollars. Earlier this year, the California average diesel price reached 7.018 dollars per gallon in March, the highest level recorded in the American Automobile Association's database. U.S. media reports attributed the surge to reduced oil-refining capacity and disruptions in global energy shipments amid the war in Iran.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၁၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေးဝ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၁၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၁၁၀ စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၂၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၂၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ယခုနှစ် ကလေးဝမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်၊ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခြောက်မျိုးစုံပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ ဇူလိုင် ၁၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငါးခြောက်မျိုးစုံပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်ကို မေလတစ်လအတွင်းက ငါးခြောက်မျိုးစုံ ပိဿာချိန် ၄၀၀၀၀ သာ ရောင်းချနိုင်ခဲ့ပြီး ဇွန်လတစ်လအတွင်း ငါးခြောက်မျိုးစုံပိဿာချိန် ၄၇၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ပင်လယ်ငါးခြောက်မျိုးစုံကို စနစ်တကျ ထုတ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ဇွန်လအတွင်း ငါးခြောက်မျိုးစုံပိဿာချိန် ၄၇၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချအား တက်ခဲ့တာဖြစ်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတော့ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေအတွက် အဆင်ပြေလာပါတယ်"ဟု ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။



အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးခြောက်တစ်ပိဿာချင်း ဈေးနှုန်းမှာ ငါးဖောင်ရိုးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀၊ ငါးကွမ်းရှပ်(ငါးညို) တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ပင်လယ်ငါးပြေမခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ငါးလိပ်ကျောက်ခြောက် တစ်ပိဿာလျှင် ၆၅၀၀၀၊ အာပဲ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၅၅၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# သဲကုန်းမြို့နယ် တောင်ကုန်း(သစ်ချို)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း ဇူလိုင် ၁၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တောင်ကုန်း(သစ်ချို) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက တောင်ကုန်း(သစ်ချို)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားပုံစံများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ တောင်ကုန်း(သစ်ချို) ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၇ ဦးကို ရန်ပုံငွေကျပ် ၃၈ ဒသမ ၆၁ သန်း ထုတ်ချေးထားကြောင်း သိရသည်။

သုတ



## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မင်းဘူးမြို့နယ် ရေငံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**မင်းဘူး ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေငံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်ထုတ်ချေးခြင်းကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၀၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေငံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦးကို ငွေကျပ် ၂၀၉ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၁၇၇ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁၉ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက ပြောပြ၍ သိရသည်။

ဇင်မာ


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevichတို့ အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

☆ ကျောဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတို့ တက်ရောက်ကြပြီး ရုရှားတပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လေ့ကျင့်ခန်းပြုလုပ်မည့် ရှုရပ်နေရာသို့ရောက်ရှိရာ တာဝန်ရှိသူများက လေ့ကျင့်ခန်းဆိုင်ရာ ပေါင်းစပ်ဆောင်ရွက်မည့်အစီအမံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုတို့ကိုကြည့်ရှုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် မြန်မာ – ရုရှား ပူးပေါင်းအဖွဲ့များက လေ့ကျင့်ခန်းအစီအစဉ်များအတိုင်း ပြုလုပ်ကြရာ Drone အဖွဲ့က ရန်သူ့နယ်မြေအတွင်း ကင်းထောက် Droneဖြင့် ကင်းထောက်ခြင်း၊ စီးနင်းတိုက်ခိုက်ရေးအဖွဲ့များက ရဟတ်ယာဉ်ဖြင့် ယာဉ်ဆင်းရပ်သို့ ဆင်းသက်ခြင်း၊ Sniper အဖွဲ့က ရန်သူ့အဖွဲ့ငယ်နေရာများကို စနိုက်ပါဖြင့် ပစ်ခတ်ခြင်း၊ FPV၊ Heavy Drone တို့ဖြင့် ကြိုတင်ချေမှုန်းခြင်း၊ တိုက်စစ်စီမံချက်ပါအတိုင်း လေ့ကျင့်ခြင်းတို့ ဆောင်ရွက်ခြင်း၊ ရည်မှန်းချက်အသီးသီးသို့ တိုက်ပွဲလုပ်ငန်းအဆင့်အလိုက် ထိုးဖောက်ဝင်ရောက်၍ ရန်သူကိုချေမှုန်းတိုက်ခိုက်ပြီး ရည်မှန်းချက် အသီးသီးကိုသိမ်းပိုက်ခြင်းများ ဆောင်ရွက်၍ လေ့ကျင့်ခန်းပြီးဆုံးခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တက်ရောက်လာကြသူများသည် မြန်မာ–ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း(MYANMAR – RUSSIA JOINT EXERCISE(TIGER – 2026)) လေ့ကျင့်ခန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်ဆောင်ရွက်ခဲ့မှု Video Click ကို ကြည့်ရှုကြသည်။ ၎င်းနောက် လေ့ကျင့်ခန်းအောင်မြင်စွာဆောင်ရွက်ခဲ့ခြင်း အထိမ်းအမှတ်အဖြစ် Quadcopter Drone နှစ်စင်းဖြင့် မြန်မာနှင့် ရုရှားနှစ်နိုင်ငံ အလံများကိုချိတ်ဆွဲ၍ ဂုဏ်ယူဝင့်ကြွားစွာသယ်ဆောင်ပျံသန်းချီတက်ကြသည်။

ယင်းနောက် လေ့ကျင့်ခန်းတွင် ပါဝင်လေ့ကျင့်ခဲ့သည့်တပ်ဖွဲ့ဝင်များကို မြန်မာ–ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း လက်တွေ့ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံများအကြားကျွမ်းကျင်မှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့်မှတ်တိုင်တစ်ခုဖြစ်သော မြန်မာ–ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်းကို အောင်အောင်မြင်မြင် ပြီးဆုံးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အတွေ့အကြုံများ အပြန်အလှန်နှီးနှောဖလှယ်ခြင်း၊ ဆွေးနွေးသုံးသပ်ခြင်း၊ လက်တွေ့လေ့ကျင့်ခန်းများကို လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ကြကာ အပြန်အလှန် လေးစားယုံကြည်မှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

အတူတကွ လက်တွဲလုပ်ဆောင်ခွင့်ရခဲ့ခြင်း၊ အကောင်းဆုံးလက်တွေ့လုပ်ဆောင်ချက်များကို အပြန်အလှန်သင်ယူခွင့်ရခဲ့ပြီး ထိရောက်သည့်ဖြေရှင်းနည်းများကို အတူတူရှာဖွေနိုင်ခဲ့ခြင်းများသည် များစွာတန်ဖိုးရှိပါ

(MYANMAR - RUSSIA JOINT EXERCISE(TIGER-2026)) လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်ကြည်းတပ်များအကြား ပထမဆုံးအကြိမ် ပူးတွဲလေ့ကျင့်ခန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေ့ကျင့်ခန်းတွင် အသုံးပြုရန် ရုရှားနိုင်ငံက ယူဆောင်လာသည့် စစ်လက်နက်ပစ္စည်းများကို လက်တွေ့ကိုင်တွယ်လေ့ကျင့်အသုံးပြုခွင့်ရရှိခဲ့ခြင်းကလည်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားတွင်ရှိသည့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပြီးနက်ရှိုင်းစေမည်ဖြစ် . . .

## လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော် ဇူလိုင် ၁၇

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေးကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကိုစနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့်နည်းပညာကြောင့် မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျော့နည်း ပပျောက်သွားစေရေးအတွက်လည်း အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသောနည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားတရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

၃။ ထို့ပြင် Smart Meter စနစ်သို့ကူးပြောင်းနိုင်ရေးတွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင် မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခုတည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများပြုလုပ်ထားပါက ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေးကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

**–လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(နေပြည်တော်)** – ၀၆၇–၃၄၁၀၀၇၂

**–ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(YESC)** – ၁၇၁၇

**–မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း(MESC)** – ၁၆၁၆

၀၂–၄၀၃၉၃၃၀၊ ၀၂–၄၀၇၃၆၆၆၊

၀၂–၄၀၇၂၆၁၈ (Hot Line)


**–ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ** ၀၆၇–၃၄၁၀၄၀၇၊ ၀၉–၆၈၂၂၃၂၆၀၀၊ ၀၉–၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ထူးခြားသည့် နေ့အပူချိန်များ (၁၇-၇-၂၀၂၆)

| | | | | |
|---|---|---|---|---|
| မုံရွာ | ၃၆ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၆ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦးမြို့ | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဂန့်ဂေါ | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၄ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |


မြန်မာ – ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်းပြုလုပ်စဉ်။


မြန်မာ – ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း(MYANMAR–RUSSIA JOINT EXERCISE(TIGER–2026))လေ့ကျင့်ခန်းအောင်မြင်စွာဆောင်ရွက်ခဲ့ခြင်းအထိမ်းအမှတ်အဖြစ် Quadcopter Drone နှစ်စင်းဖြင့် မြန်မာနှင့် ရုရှားနှစ်နိုင်ငံအလံများချိတ်ဆွဲ၍ ဂုဏ်ယူဝင့်ကြွားစွာ သယ်ဆောင်ပျံသန်းချီတက်ကြစဉ်။

ကြောင်း၊ ယခုရရှိခဲ့သည့် အသိပညာနှင့်အတွေ့အကြုံများကို နောင်များတွင်လည်း အောင်အောင်မြင်မြင် ပြန်လည်အသုံးချနိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်း၊ ယခုတည်ဆောက်နိုင်ခဲ့သည့် ချစ်ကြည်ရင်းနှီးမှုနှင့် လုပ်ငန်းဆိုင်ရာဆက်သွယ်မှုများသည်လည်း ဆက်လက်ပြီး ခိုင်မြဲနေမည်ဖြစ်ကြောင်း။

ကျွမ်းကျင်မှုအပြည့်နှင့် တာဝန်သိစိတ်ရှိရှိ အကျိုးရှိရှိပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် တက်ရောက်လာကြသည့် အကြီးအကဲများ၊ နည်းပြများ၊ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအားလုံးကို လှိုက်လှိုက်လှဲလှဲအထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ-ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်မှုများသည် ရှေ့ဆက်၍လည်း ပိုမိုခိုင်မာလာမည်ဖြစ်သကဲ့သို့ နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် မိတ်ဖက်အဖြစ် ဆောင်ရွက်မှုများနှင့် မိမိတို့နိုင်ငံများအကြား ဆက်ဆံရေး ပိုမိုတိုးတက်ရန် အခွင့်အလမ်းသစ်များကို ဖော်ဆောင်ပေးနိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်ကြီးကို ပိုင်ဆိုင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်အထူးတပ်ဖွဲ့နှင့် ရုရှားတပ်ဖွဲ့များပူးပေါင်းပြီး ရန်သူ့လှုပ်ရှားနယ်မြေအတွင်း အခိုင်အမာခြေကုပ်ယူထားသော အချက်အချာကျသည့် ရန်သူ့တောင်ကုန်းကို တိုက်ခိုက်ချေမှုန်းသည့် တပ်ပါတိုက်စစ်လေ့ကျင့်ခန်းတစ်ခုဖြစ်ကြောင်း၊ ရန်သူအခြေပြုထားသည့် ပင်မတောင်ကုန်းနှင့် ရန်သူများဖြန့်ခွဲတည်ရှိသောနေရာများကို UAV၊ Drone၊ Sniper များအသုံးပြုပြီး အထူးတပ်ဖွဲ့များဖြင့် ချေမှုန်းတိုက်ခိုက်ခြင်းပင်ဖြစ်ကြောင်း။

လေ့ကျင့်ခန်းတွင် မြန်မာ့တပ်မတော်ကာကွယ်ရေးပစ္စည်းစက်ရုံများမှ ထုတ်လုပ်သည့် စစ်လက်နက်ပစ္စည်းများနှင့် ရုရှားတပ်မတော်က လက်ရှိအသုံးပြုလျက်ရှိသည့် နည်းပညာမြင့်မားသည့် စစ်လက်နက်ပစ္စည်းများကို ပေါင်းစပ်ပြီးအသုံးပြုတိုက်ခိုက်ကြသည်ကို တွေ့မြင်ရသည့်အတွက် လေ့ကျင့်ခန်းတွင် ကိုယ်တိုင်ပါဝင်လေ့ကျင့်သည့် တပ်ဖွဲ့ဝင်များနှင့် မိမိတို့ကြည့်ရှုလေ့လာသူများအတွက် များစွာအကျိုးရှိစေကြောင်း၊ ထို့ပြင် မိမိတို့၏အထူးတပ်ဖွဲ့ဝင်များနှင့် ရုရှားတပ်ဖွဲ့များအားလုံး စစ်မြေပြင်တွင် ရဲဘော်ရဲဘက်စိတ်ပြည့်ဝစွာဖြင့် ဟန်ချက်ညီစွာလှုပ်ရှားတိုက်ပွဲဝင်နေသည့် ပုံရိပ်ကိုလည်း တွေ့မြင်ခံစားရမိပါကြောင်း။

တိုက်ပွဲဖြစ်ပွားမှုနှင့်အတူ စစ်ဆင်ရေးနယ်မြေအတွင်းမှ ဒဏ်ရာရရှိသူတပ်ဖွဲ့ဝင်များကိုလည်း ရန်သူ့ပစ်ခတ်မှုအောက် အန္တရာယ်ရှိသည့် တိုက်ပွဲနယ်မြေအတွင်းမှ ကယ်ထုတ်ရန်အတွက်မောင်းသူမဲ့ Robotic သူနာတင်ယာဉ်ဖြင့် အချိန်မဆိုင်းဘဲလျင်မြန်စွာလှုပ်ရှား၍ ရွှေ့ပြောင်းသယ်ယူဆောင်ရွက်ပုံကိုလည်း လေ့လာတွေ့မြင်ရကြောင်း၊ အလားတူ ယနေ့ခေတ်သစ်စစ်ပွဲတစ်ခု၏ အသွင်သဏ္ဌာန်ဖြစ်သည့် မျက်မှောက်ခေတ်စစ်မြေပြင်တွင် ရန်သူထိခိုက်ကျဆုံးမှုများပြားအောင်ထိရောက်စွာချေမှုန်းနိုင်သည့် Drone၊ FPV များ၏ စွမ်းဆောင်ရည်နှင့် အသုံးပြုတိုက်ပွဲဝင်ပုံကိုလည်း လေ့လာကြည့်ရှုခွင့်ရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုက ရေးနှစ်ပေါင်းများစွာမှ ယခုထိ တိုးတက်ခိုင်မြဲလျက်ရှိကြောင်း၊ မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးသည် ရင်းနှီးနွေးထွေးစွာဖြင့် တန်ဖိုးထားထိန်းသိမ်းခဲ့ရာမှာ ယနေ့ထိဖြစ်ကြောင်း၊ နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည်လည်း နှစ်စဉ်တိုးတက်လျက်ရှိပြီး နှစ်ဖက် တပ်မတော်အကြီးအကဲများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ အပြန်အလှန်ခရီးစဉ်များ လည်ပတ်လျက်ရှိကြောင်း။

ရုရှားတပ်မတော်နှင့် မြန်မာ့တပ်မတော်တို့အကြားလေ့ကျင့်ခန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ရုရှားနိုင်ငံတွင် ပြုလုပ်ခဲ့သော Caucasus 2020(Kavkaz)နိုင်ငံတကာစစ်ရေးလေ့ကျင့်ခန်း၊ ၂၀၂၃ ခုနှစ် ရုရှားနိုင်ငံအရှေ့ပိုင်း ဗလာဒီဗော့စတော့ခ်မြို့မှာပြုလုပ်သည့် အာဆီယံအပေါင်း အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေးဆိုင်ရာ ကျွမ်းကျင်မှုလုပ်ငန်းအဖွဲ့ မြေပြင်လက်တွေ့လေ့ကျင့်ခန်း၊ နိုင်ငံစုံပါဝင်လေ့ကျင့်သည့် Army Game ပြိုင်ပွဲများ၊ နှစ်နိုင်ငံဗိုလ်လောင်းများ၏ အားကစားပြိုင်ပွဲများစသည့် ကဏ္ဍမျိုးစုံတွင် မြန်မာ့တပ်မတော်က ပူးပေါင်းပါဝင်ခဲ့ပြီး နိုင်ငံတကာအတွေ့အကြုံများစွာကိုရရှိစေခဲ့ပါကြောင်း၊ ၎င်းအတွေ့အကြုံများသည် မိမိတို့မြန်မာ့တပ်မတော်၏ ခေတ်မီတပ်မတော်(Standard Army)တည်ဆောက်ရေးအတွက် စွမ်းရည်မြှင့်တင်ရာတွင် အထောက်အကူများစွာဖြစ်စေပါကြောင်း။

ယခုပြုလုပ်သည့် **(MYANMAR–RUSSIA JOINT EXERCISE(TIGER–2026)) လေ့ကျင့်ခန်းသည် မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်ကြည်းတပ်များအကြား ပထမဆုံးအကြိမ် ပူးတွဲလေ့ကျင့်ခန်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လေ့ကျင့်ခန်းတွင် အသုံးပြုရန် ရုရှားနိုင်ငံက ယူဆောင်လာသည့် စစ်လက်နက်ပစ္စည်းများကို လက်တွေ့ကိုင်တွယ်လေ့ကျင့် အသုံးပြုခွင့်ရရှိခဲ့ခြင်းကလည်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြားတွင်ရှိသည့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုနှင့် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုပြီးနက်ရှိုင်းစေမည်ဖြစ်ကြောင်း။**

ယနေ့ပြုလုပ်သည့် လေ့ကျင့်ခန်းတွင် ပူးပေါင်းပါဝင်လေ့ကျင့်ခဲ့သည့် နှစ်နိုင်ငံမှ တပ်ဖွဲ့ဝင်များအားလုံးနှင့် လေ့ကျင့်ခန်းကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြသည့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်စလုံးမှ တာဝန်ရှိသူအရာရှိစစ်သည်များအားလုံးကို အသိအမှတ်ပြုပါကြောင်းနှင့် ယခုလေ့ကျင့်ခန်းမှရရှိသည့် အတွေ့အကြုံကောင်းများနှင့်ချစ်ကြည်ရင်းနှီးမှုများသည် မြန်မာ-ရုရှားတပ်မတော်နှစ်ရပ်အကြား ရေရှည်တည်တံ့ခိုင်မြဲသော ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်မည့်အပြင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား တိုးတက်ကောင်းမွန်သော အကျိုးရလဒ်ကောင်းများကို ဖန်တီးနိုင်မည်ဖြစ်ကြောင်းနှင့် လေ့ကျင့်ခန်းတွင် ပါဝင်လေ့ကျင့်ဆောင်ရွက်ခဲ့ကြသည့် မြန်မာ့တပ်မတော်နှင့် ရုရှားတပ်မတော်သားများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့သည် အထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ခန်းတွင်ပါဝင်ခဲ့ကြသည့် တပ်ဖွဲ့များအတွက် သစ်သီးခြင်းများ လက်ဆောင်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရုရှားတပ်မတော်မှ တပ်ဖွဲ့ဝင်များနှင့်အတူ မြန်မာ-ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း (MYANMAR–RUSSIA JOINT EXERCISE (TIGER – 2026)) အောင်မြင်စွာပြီးစီးမှု အထိမ်းအမှတ် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး NOSULEV Mikhail Yakovlevich နှင့် တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မြဝတီတေးဂီတအဖွဲ့နှင့် ရုရှားအနုပညာရှင်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။ နေ့လယ်စာသုံးဆောင်အပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့သည် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းများပေးအပ်ခဲ့ကြသည်။

အဆိုပါ မြန်မာ – ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခြင်းကို ဇူလိုင် ၆ ရက်မှစတင်၍ ဥတ္တရသီရိတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း အထူးတပ်ဖွဲ့လေ့ကျင့်ရေးကွင်း၌ မြန်မာတပ်ဖွဲ့ဝင်များနှင့် ရုရှားတပ်ဖွဲ့ဝင်များပူးပေါင်း ၍ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အင်ဂျင်နီယာ၊ ဒရုန်း၊ စနိုက်ပါ၊ ဆေး၊ ဆက်သွယ်ရေး၊ တောတွင်းစစ်ဆင်ရေး၊ တောင်ပေါ်စစ်ဆင်ရေး စသည့် ဘာသာရပ်များနှင့် စစ်မြေပြင်အတွေ့အကြုံများကို ရုရှားနည်းပြများနှင့် မြန်မာနည်းပြများက စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပေးခဲ့ပြီး ယနေ့တွင် လက်တွေ့သရုပ်ပြ လေ့ကျင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ရုရှားတပ်မတော်မှ နည်းပြများနှင့် လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တပ်ဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ခေတ္တရောက်ရှိနေစဉ်အတွင်း နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုခြင်း၊ တပ်မတော်စစ်သမိုင်းပြတိုက်နှင့် အခြားအထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်း၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြားချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၇၉ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်

နေပြည်တော် ဇူလိုင် ၁၇

၇၉ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၇ နာရီ မိနစ် ၄၀ မှ စတင်ပြီး MRTV HD Channel၊ MRTV News Channel၊ MRTV Parliament Channel၊ MRTV NRC Channel၊ MITV၊ MWD HD၊ MWD Variety HD နှင့် အကျိုးတူရုပ်သံလိုင်းများဖြစ်သည့်Readers' Channel၊ Sky Net Up to Date Channel၊ Channel 9၊ Channel K၊ Hey Play Sports Channel၊ M Channel၊ UNI TV၊ Shwe Nadi Shwe Yi Entertainment Channel နှင့် Channel 24 တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ရွှေFM၊ ပတ္တမြားFM၊ ပဒ္မဝတီFM၊ မန္တလေး FM၊ ချယ်ရီFM၊ FMပုဂံ၊ သဇင်FM၊ Star FM တို့မှလည်းကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV Website၊ MRTV App နှင့် Onlineတို့မှလည်း Live Streaming ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**ညင်ချီ ဇူလိုင် ၁၇**

ဟိမဝန္တာတောင်တန်းဒေသတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ ဒေသတွင်းနှင့် အခြားနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဘုံဖွံ့ဖြိုးမှုကို မြှင့်တင်ရန် ရည်ရွယ်၍ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ်(THE 5TH CHINA XIZANG TRANS-HIMALAYA FORUM FOR INTERNATIONAL COOPERATION) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညင်ချီ ခေါ် လင်ကျစ်မြို့ရှိ Nyingchi Rui Crown Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်မိန့်ခွန်းပြောကြားသည်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသနိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုဖိုရမ်(THE 5TH CHINA XIZANG TRANS-HIMALAYA FORUM FOR INTERNATIONAL COOPERATION)ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

အခမ်းအနားသို့ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူး မစ္စတာ ဝမ်ကျွန်းကျန်း၊ တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန့်ဖရင့် (CPPCC) အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ မစ္စတာ ဝမ်ကွမ်းချန်း၊ နီပေါအောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မစ္စရှုဘီကူမာရီ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ကမ္ဘောဒီးယား၊စင်ကာပူ၊အာဂျင်တီးနား၊ တောင်ကိုရီးယား၊ ချီလီ၊ ဘင်္ဂလားဒေ့ရှ်၊ ဆားဘီးယား၊ အီတလီ အပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ ဝန်ကြီးများ၊ အကြီးအကဲများ၊ ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ သက်ဆိုင်ရာ အသင်းအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခ(ငြိမ်း)များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် အခမ်းအနားသို့တက်ရောက်လာကြသည့် နိုင်ငံများမှ အကြီးအကဲများ၊ ဝန်ကြီးများ၊ ပညာရှင်များ၊ ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ပဉ္စမအကြိမ်မြောက် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှီကျန်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီအတွင်းရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန့်ဖရင့် (CPPCC) အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌက ဖိုရမ်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ယခုဖိုရမ်သည် ကူမင်း-မွန်ထရီရယ် ကမ္ဘာလုံးဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲမူဘောင်(KMGBF)၏ ရည်မှန်းချက်ပန်းတိုင်များကို ပြည့်မီစေရန် ပံ့ပိုးပေးမည့် ဟိမဝန္တာဒေသတစ်လျှောက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် စကြံတစ်ရပ်ကို ဖန်တီးပေးသည့် အရေးကြီးသော အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရှင်အသိုင်းအဝိုင်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများကို နှစ်ပေါင်းများစွာ မြှင့်တင်ခဲ့ကြောင်း၊ ထူးခြားထင်ရှားသည့်ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းတစ်ခုမှာ မြန်မာနိုင်ငံ သစ်တောဦးစီးဌာနနှင့် တရုတ်သိပ္ပံအကယ်ဒမီတို့အကြား ဆောင်ရွက်ခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးစီမံကိန်းဖြစ်ကြောင်း၊ နှစ်ဖက်စလုံးမှ သုတေသီများနှင့် သိပ္ပံပညာရှင်များသည် ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ပူးတွဲသုတေသနလုပ်ငန်းများကို အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းတွင် အထူးအလေးထား ဆောင်ရွက်ခဲ့ကြပြီး အပင်၊ ငါး၊ ပင့်ကူနှင့် ပုစွန်မျိုးစိတ်သစ်အမြောက်အမြားကို ရှာဖွေတွေ့ရှိခဲ့ကြကြောင်း။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်အတူ တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတကာဗဟိုဌာန (ICIMOD)၏ တည်ထောင်သူ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူများ၏ လူနေမှုဘဝသာယာဝပြောရေးကို မြှင့်တင်ရန်အတွက် အထောက်အထားအခြေပြု ဆုံးဖြတ်ချက်ချမှတ်ရာတွင် အခြေခံအဖြစ်အသုံးပြုနိုင်ရန် ဟိမဝန္တာဒေသရှိ အဖွဲ့ဝင်နိုင်ငံများနှင့်အတူ လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော သိပ္ပံနည်းကျသုတေသနလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုနှင့် အစိမ်းရောင်စီးပွားရေးဆိုင်ရာ မူဝါဒများ၊ မူဘောင်များနှင့် မဟာဗျူဟာများကို အကောင်အထည်ဖော်ရန် အထူးအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းကို ကျယ်ပြန့်သော ကဏ္ဍစုံချဉ်းကပ်မှုနှင့် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝအခြေခံသော ချဉ်းကပ်မှုများဖြင့် မူဝါဒများမှသည် ဟိမဝန္တာဒေသတစ်လျှောက် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးရခြင်း၏ အဓိကအကြောင်းရင်းများကို ဖြေရှင်းပေးနိုင်မည့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ရေရှည်တည်တံ့စွာ အသုံးချခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရန်အတွက် ပြည်သူအားလုံးပါဝင်ပြီး ထိရောက်သောလက်တွေ့လုပ်ဆောင်ချက်များဆီသို့ ကူးပြောင်းဖော်ဆောင်သွားရန်တိုက်တွန်းလိုကြောင်း။

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုများမှ ရရှိလာမည့် အပြန်အလှန်အကျိုးကျေးဇူးများကို အသိအမှတ်ပြုလျက် မြန်မာနိုင်ငံသည် ဟိမဝန္တာတောင်တန်းဒေသဖြတ်ကျော်နိုင်ငံများနှင့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative)အတွင်း အကောင်အထည်ဖော်မည့်စီမံကိန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်မှုကို မြှင့်တင်သွားရန် ရည်မှန်းထားပါကြောင်း၊ ယခုဖိုရမ်သည် လူသားမျိုးနွယ်များနှင့် သဘာဝပတ်ဝန်းကျင်အကြား သဟဇာတဖြစ်မှုခိုင်မာသေချာစေလျက် ဟိမဝန္တာဒေသတစ်လျှောက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးလိမ့်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့်နိုင်ငံများမှ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ အကြီးအကဲများ၊ ပညာရှင်များနှင့် အသင်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက အမှာစကားများ ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယခုဖိုရမ်ကို ကျင်းပခြင်းအားဖြင့် ဟိမဝန္တာတောင်တန်းဒေသတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အဆင့်ကို မြှင့်တင်ပြီး နိုင်ငံများအကြား ပူးတွဲပါဝင်ဆောင်ရွက်မှုကို အပြန်အလှန်ဖြစ်ထွန်းစေမှုတို့မှတစ်ဆင့် အတူတကွ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုရလဒ်များကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီးများ၊ ပင်လယ်ကမ်းရိုးတန်းနှင့် သက်ဆိုင်သော ညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ပင်လယ်ကမ်းရိုးတန်း သယံဇာတများသည် စားနပ်ရိက္ခာဖူလုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တိုးတက်ရေးအတွက် အလွန်အရေးပါသော အရင်းအမြစ်များဖြစ်ပြီး သားစဉ်မြေးဆက် ရေရှည်ထိန်းသိမ်းအသုံးပြုနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ဟန်ချက်ညီညီ စီမံခန့်ခွဲခြင်းအားဖြင့် နိုင်ငံ၏ရေရှည်ဖွံ့ဖြိုးမှုပန်းတိုင်များရရှိအောင် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းများအဖြစ် တရားမဝင်ငါးဖမ်းဆီးမှုလျော့နည်းစေရေး Vessel Monitoring System (VMS)စနစ်အသုံးပြုခြင်း၊ ငါးမဖမ်းရရာသီနှင့် ဇရိယာများသတ်မှတ်ခြင်း၊ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ခြင်း၊ ရေထုညစ်ညမ်းမှုဆိုင်ရာဥပဒေ ရေးဆွဲခြင်း၊ သုတေသနနှင့် ပညာရေးကဏ္ဍများမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ကမ်းရိုးတန်းဒေသများတွင် ပလတ်စတစ်စီမံခန့်ခွဲမှု၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ဒီရေတောများ တိုးချဲ့ထိန်းသိမ်းရေးတို့ကိုလည်း တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၂၄ ခုနှစ်တွင် အတည်ပြုခဲ့သော မြန်မာနိုင်ငံ ပင်လယ်ကမ်းရိုးတန်း သယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်း(Integrated Coastal Management-ICM)ကို အခြေခံ၍ အစိမ်းရောင်စီးပွားရေး(Green Economy)၊ ပင်လယ်ကမ်းရိုးတန်းဒေသဆိုင်ရာ အပြာရောင်စီးပွားရေး (Blue Economy) နှင့် ပတ်လည်စီးပွားရေး(Circular Economy)အယူအဆများကို ပေါင်းစပ်ဖော်ဆောင်ရန်လိုအပ်ကြောင်း၊ သို့မှသာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဟန်ချက်ညီညီ ထိထိရောက်ရောက်ဖော်ဆောင်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

ကော်မတီဝင် အားလုံးအနေဖြင့် ပင်လယ်ကမ်းရိုးတန်းနှင့် အဏ္ဏဝါသယံဇာတထိန်းသိမ်းရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများတွင် ဒေသတွင်းအစီအစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန်၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဌာန၊ အဖွဲ့အစည်းများအလိုက် ကမ်းရိုးတန်းနှင့် အဏ္ဏဝါရေပြင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ဆဲ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် အစီအမံများနှင့် လုပ်ငန်းစဉ်များကို ယနေ့အစည်းအဝေးတွင် တင်ပြဆွေးနွေးပေးကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပင်လယ်ကမ်းရိုးတန်းဒေသထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဗီဒီယိုကိုပြသပြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျက ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့်စပ်လျဉ်း၍ ဌာနအလိုက်၊ ဒေသအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ကျင်းပ



**ရန်ကုန် ဇူလိုင် ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေးပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးမစတင်မီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမိသားစုကလှူဒါန်းသည့် ဓမ္မစကြာမဟာဋီကာသစ်ကျမ်းကြီးနှင့် ဗုဒ္ဓဝါဆိုစဉ်စာအလင်္ကာများစာအုပ်တို့ကို ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်က အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကိုမြွက်ကြားတော်မူသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တတိယအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသက တင်သွင်းလျှောက်ထားပြီး နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပထမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်မှုများအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီဟကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသကလည်းကောင်း ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စများကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ပဉ္စမအစည်းအဝေး ပထမနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပပြီး သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာကိစ္စရပ်များကို တင်ပြလျှောက်ထားရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများက ဝေဖန်ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်း၌ ရပ်နားသည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသောနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများအား ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ဒေါ်ကြိုင်ကြိုင် မိသားစုနှင့် ဓမ္မမိတ်ဆွေများက အရုဏ်ဆွမ်း၊ နေ့ဆွမ်း တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး ဦးဆောင်သောအဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်ရှိသဖြင့် အိန္ဒိယနိုင်ငံနှင့်လွှတ်တော်ဖွဲ့စည်းမှုတူညီပါကြောင်း၊ မိမိတို့လွှတ်တော်တွင် လွှတ်တော်ငယ်များဟုတင်စားခေါ်ဆိုသည့် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်းနှင့် လွှတ်တော်ရေးရာဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များ စွမ်းဆောင်ရည်မြင့်မားရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းစဉ်များ တစ်ဆင့်တက်ဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း၊ အိန္ဒိယနိုင်ငံ၏ Federalism စနစ်နှင့်စပ်လျဉ်း၍ လေ့လာလိုပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ အစိုးရအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရှိသည့်အတွက် လွှတ်တော်အချင်းချင်းလည်း ရင်းနှီးစွာထိတွေ့ဆောင်ရွက်ရေးကဏ္ဍကို တိုးမြှင့်ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေပြုရေးအပါအဝင် လွှတ်တော်လုပ်ငန်းစဉ်များ၏ ကဏ္ဍစုံတွင် အဓိကထားပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ ယခုမြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်နေသည့် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသည် မိမိတို့လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းဟု မှတ်ယူထားပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အိန္ဒိယသံအမတ်ကြီးက ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့နှင့် ယခင်ကပင် ပုဂ္ဂိုလ်ရေးရင်းနှီးမှုများရှိကြ၍ ထပ်မံတွေ့ဆုံရသည်ကို ဝမ်းသာပါကြောင်း၊ လွှတ်တော် ကိုယ်စားလှယ်များအတွက် စွမ်းရည်မြှင့်တင်ရေးနှင့် ပတ်သက်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်အချင်းချင်း ထိတွေ့ဆက်ဆံရေးကိုလည်း အကူအညီပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီအဖွဲ့ဝင် ဒေါ်အေးမြမြကြိုင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အိန္ဒိယသံအမတ်ကြီးနှင့်အတူ အိန္ဒိယကမ္ဘာ့ရေးရာကောင်စီ ခေတ္တအကြီးအကဲ Mr. N J Gangte နှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို သွားရောက်တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများ ပေးအပ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက လက်ခံရယူကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များကို နယ်မြေခံတပ်မတော်ဆေးရုံမှ ဆေးကုသရေးအဖွဲ့များက လိုအပ်သော ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးနေမှုကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် မြိတ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လယ်ယာထွက်ကုန်များ တန်ဖိုးမြင့်ထုတ်လုပ်ရောင်းချနိုင်ရေး၊ MSME လုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းများနှင့် မြစ်ကူးကြိုးတံတားများ ပြုပြင်ပေးနိုင်ရေး၊ ဝန်ထမ်းအိမ်ရာတည်ဆောက်ပေးနိုင်ရေး၊ မြေယာလျော်ကြေးရရှိရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၀ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးညွန့်ဆောင်၏ **ရမည်းသင်းမြို့နယ်တွင် နှစ်ရှည်သီးပင်စားပင်များ ဥယျာဉ်လယ်ယာသီးနှံထွက်ကုန်များကို တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ စက်မှုနှင့် အသေးစား၊ အလယ်အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက ဒေသထွက်ကုန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များကို လူသိများလာစေရန်နှင့် လက်ကားဖြန့်ချိသူများနှင့် ချိတ်ဆက်မိစေရန်အတွက် ပြပွဲ၊ ပြိုင်ပွဲများကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ဒစ်ဂျစ်တယ် အသုံးပြု၍ MSME ထုတ်ကုန်များ ဈေးကွက်ကျယ်ပြန့်စေရန်အတွက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် www.emartmmp.gov.mm Platform ကို ၂၀၂၂ ခုနှစ်တွင် စတင်တည်ထောင်ပြီး Online၊ Offline စနစ်များဖြင့် ဈေးကွက်ရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မိမိတို့ဒေသ စီးပွားရေးရေရှည် အောင်မြင်ရန်အတွက် နိုင်ငံတော်၏ပံ့ပိုးမှုအပြင် ဒေသခံများ၊ လုပ်ငန်းရှင်ကိုယ်တိုင်၏ စိတ်ဝင်စားမှုနှင့် အားစိုက်ထုတ်မှုသည် အဓိကအကျဆုံး သော့ချက်ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကုန်ကြမ်းအတိုင်း ဈေးပေါပေါဖြင့်ရောင်းချခြင်းထက် တန်ဖိုးမြင့်ကုန်ချောအဖြစ် ပြောင်းလဲလိုသည့် စိတ်ဝင်စားမှုရှိမည်ဖြစ်သည့်အပြင် အစုအဖွဲ့ဖြင့် စနစ်တကျစုဖွဲ့ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ပံ့ပိုးဖွင့်လှစ်ပေးသော သက်ဆိုင်ရာသင်တန်းများ၊ အသိပညာပေးဆွေးနွေးပွဲများသို့ တက်ရောက်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းတို့ကို ကိုယ်တိုင်တက်ကြွစွာ အားစိုက်ထုတ်ပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။



ရမည်းသင်းမြို့နယ်တွင် နှစ်ရှည်သီးပင်စားပင်များ၊ ဥယျာဉ်လယ်ယာသီးနှံထွက်ကုန်များကို ကျေးရွာအလိုက်ဖြစ်စေ၊ အိမ်ထောင်စုအလိုက်ဖြစ်စေ တန်ဖိုးမြင့်ထုတ်ကုန်များ (Value Added Goods) အဖြစ် ထုတ်လုပ်ဖွင့်လှစ်ရောင်းချနိုင်ရေးအတွက် ဒေသခံများ၊ လုပ်ငန်းရှင်များကိုယ်တိုင် တက်ကြွသောအားစိုက်ထုတ်မှုများရရှိလာစေရန် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး MSME အေဂျင်စီတို့၏ ပံ့ပိုးကူညီမှုများနှင့်အတူ အနီးကပ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားရမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကျောက်ကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **MSME လုပ်ငန်းများနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်မည့်အစီအမံများ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSME လုပ်ငန်းရှင်ဆိုင်ရာ နေရသော စိန်ခေါ်မှုများ (ဘဏ္ဍာရေး၊ နည်းပညာ၊ ဈေးကွက်)စသည်တို့ကို ဝန်ကြီးဌာနအနေဖြင့် သိရှိနားလည်ပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးဆိုင်ရာပံ့ပိုးမှုအနေဖြင့် MSME ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို ငွေကျပ်ဘီလီယံ ၁၇၀ ဖြင့် အခိုင်အမာ ထူထောင်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ရန်ပုံငွေအနက်မှ ငွေကျပ်ဘီလီယံ ၁၅၀ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစ၍ MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ကျန်ရှိသည့်ရန်ပုံငွေ ငွေကျပ်ဘီလီယံ ၂၀ ကို ချေးငွေမဟုတ်သည့် MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် ထိရောက်စွာ ခွဲဝေကျခံသုံးစွဲလျက်ရှိပါကြောင်း။

နိုင်ငံတော်အတွင်းရှိ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ ဥပဒေနှင့် နည်းဥပဒေများကို ထုတ်ပြန်ထားရှိပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးအတွက်လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ ဘဏ္ဍာငွေခွဲဝေရရှိမှုဖြင့်လည်းကောင်း၊ ဒေသဆိုင်ရာကော်မတီများနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများ၏ စက်မှုဇုန်ဖွံ့ဖြိုးရေးရန်ပုံငွေမှလည်းကောင်း၊ နှစ်အလိုက် ဦးစားပေးအစီအစဉ်အနေဖြင့် လျှပ်စစ်မီး အပြည့်အဝရရှိရေး၊ ကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး၊ ထုတ်လုပ်မှုပိုင်းဆိုင်ရာလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရေးတို့ကို အစီအမံများ ချမှတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဗဟိုကော်မတီအနေဖြင့် မူဝါဒချမှတ်ခြင်းနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ဒေသဆိုင်ရာကော်မတီများနှင့် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများအနေဖြင့် အနီးကပ်ကြီးကြပ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ဖြင့် အုပ်ချုပ်မှုအပိုင်း၊ ပေါင်းစပ်ညှိနှိုင်းမှုအပိုင်းများကို Zone Level, Regional Level, State Level အလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်ဝင်းဆွေ၏ **မြန်အောင်မြို့နယ် ထူးကြီး-ရွှေကျင်လမ်းပိုင်းမှ ရွှေကျင်မှ မဲဇင်းအထိ ငါးမိုင်ခွဲခန့်ကို ကွန်ကရစ်လမ်းခင်းပေးရန်အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ထူးကြီး-ရွှေကျင်လမ်းသည် စုစုပေါင်းအရှည် ၈ မိုင် ၃ ဖာလုံရှိပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ရှိ လမ်းအခြေအနေမှာ ကျောက်ခင်းလမ်း ၇ မိုင် ၂ ဖာလုံနှင့် အမာခံလမ်း ၁ မိုင် ၁ ဖာလုံ ဖြစ်ပြီး စုစုပေါင်း ၈ မိုင် ၃ ဖာလုံရှိပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ထူးကြီး-ရွှေကျင်လမ်း ၈ မိုင် ၃ ဖာလုံအတွင်း လမ်းအရှည် လေးဖာလုံကို ချောင်းကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းတွင် ပထမအဆင့်အနေဖြင့် အမာခံလမ်း ၁ မိုင် ၁ ဖာလုံကို ကျောက်ခင်းလမ်းအဖြစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေလျာထားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် ဖော်ပြပါ လမ်းပိုင်းတွင် ရွှေကျင်မှ မဲဇင်းအထိ ကျောက်ခင်းလမ်း ၅ မိုင် ၂ ဖာလုံခန့်ကို ၁၂ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန် နှစ်အလိုက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေတွင် လျာထားနိုင်ရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ဒဂုံမြို့သစ်ခရိုင်ကို ခရိုင်ချင်းဆက်လမ်းကတစ်ဆင့် မြို့တော်ပတ်လမ်း တည်ဆောက်ရန်၊ ရန်ကုန်အဝင် အထူးဖွံ့ဖြိုးရေးခရိုင်အဖြစ် သတ်မှတ်၍ စီးပွားရေးမြှင့်တင်ရန်နှင့် အထူးဖွံ့ဖြိုးတိုးတက်လာအောင် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဒဂုံမြို့သစ်ခရိုင်သည် လူဦးရေနှင့် ဖွံ့ဖြိုးမှုအလားအလာအရ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တွင် ရေးဆွဲခဲ့သော ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Master Plan)တွင် မြို့ပြဗဟိုခွဲ(Sub-center)အဖြစ် သတ်မှတ်ထားသည့် ဇရိယာတစ်ခုဖြစ်ပါကြောင်း၊ Sub-centerဖြစ်သော ဒဂုံမြို့သစ်ခရိုင်ကို စနစ်တကျ တိုးတက်လာစေရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ခရိုင်အတွင်းရှိလမ်းများ အဆင့်မြှင့်တင်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်း၊ ရေပေးဝေရေးစနစ်များ ဆက်သွယ်ဆောင်ရွက်ခြင်း၊ အများပြည်သူ အပန်းဖြေရန် ပန်းခြံ၊ ကစားကွင်းများ ဆောက်လုပ်ပေးခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှု အဆောက်အအုံများ ဆောက်လုပ်ဖြည့်ဆည်းခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဒဂုံမြို့သစ်ခရိုင်အတွင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ပုဂ္ဂလိကနှင့် ပူးပေါင်း၍ Smart District ဇရိယာပါဝင်သည့် အိမ်ရာစီမံကိန်းများ၊ အငှားအိမ်ရာများ၊ စက်မှုဇုန်များကိုလည်း နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ဒဂုံမြို့သစ်ခရိုင်အတွက် သီးသန့် မြို့တော်ပတ်လမ်းမ ထပ်မံတည်ဆောက်ရန် မလိုအပ်ဘဲ လက်ရှိချိတ်ဆက်ထားပြီးဖြစ်သော Inner Ring Road/ Outer Ring Road များနှင့် မြို့တွင်းချိတ်ဆက်လမ်းကွန်ရက်များကိုအသုံးပြု၍ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ဆောင်ရွက်ဆဲစက်မှုဇုန်များနှင့် မြို့ပြအခြေခံ အဆောက်အအုံလုပ်ငန်းများ၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများကို ဟန်ချက်ညီညီ ဆက်လက်ဆောင်ရွက်သွားခြင်းဖြင့် ဒဂုံမြို့သစ်ခရိုင်သည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ Master Plan အရ Sub-center အဖြစ် သတ်မှတ်ပြီး စီမံကိန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် သီးခြားမြို့တော်ပတ်လမ်းအဖြစ် ထပ်မံတည်ဆောက်ရန်နှင့် သီးခြားအထူးဖွံ့ဖြိုးရေးခရိုင်အဖြစ် ထပ်မံသတ်မှတ်ဆောင်ရွက်ရန် မရှိပါကြောင်း ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **မြစ်သာမြစ်ကူးကြိုးတံတား(ကလေးဝ)၏တံတားထိန်းကြိုးများကို ဆောလျင်စွာ ပြုပြင်ထိန်းသိမ်းရန် မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြစ်သာမြစ်ကူးကြိုးတံတား (ကလေးဝ)သည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် မုံရွာ-ယာကြီး-ကလေးဝလမ်းပေါ်ရှိ မိုင်တိုင် (၁၁၅/၂ မှ ၁၁၅/၅)ကြားတွင် တည်ရှိပါကြောင်း၊ တံတားအမျိုးအစားမှာ သံမဏိသံဘောင်ကြိုးတံတားဖြစ်ပြီး ၂၀၀၄ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် တံတားသက်တမ်းမှာ ၂၂ နှစ်ကြာမြင့်ပြီဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် အကြမ်းဖက်အဖွဲ့များ၏ဖျက်ဆီးမှုကြောင့် ယာကြီးဘက်ကမ်း (ရေစုန်ဘက်ခြမ်း)တံတား၏ပင်မကြိုးအချို့မှာ ပျက်စီးသွားခဲ့သဖြင့် ယခင်ခွင့်ပြုထားသော တံတားခံနိုင်ဝန်တန် ၆၀ မှ ယခုအခါ လူစီးမော်တော်ယာဉ်ငယ်များနှင့် စုစုပေါင်းသုံးတန်ထိ တင်ဆောင်ထားသော ယာဉ်များသာ ဖြတ်သန်းခွင့်ပြုထားပါကြောင်း။

ယာကြီးဘက်ကမ်း ရေစုန်ဘက်ခြမ်းရှိ ပင်မကြိုးအမှတ်(၁)နှင့် အမှတ်(၂)တို့ကို ပြန်လည်ပြုပြင်နိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြစ်သာမြစ်ကူးကြိုးတံတား(ကလေးဝ) ပြန်လည်ပြုပြင်နိုင်ရေးအတွက် အသေးစိတ်စစ်ဆေးတိုင်းတာခြင်း(Detail Inspection)၊ လိုအပ်သော ကြိုးတံတားပစ္စည်းများကို ပြည်ပမှ မှာယူခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောလျင်စွာပြီးစီးနိုင်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **မိုးကောင်း-ကာမိုင်း-ဖားကန့် ကားလမ်းမကြီးကို နိုင်လွန်ကတ္တရာ၊ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး **စာမျက်နှာ ၂၁ သို့**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၁ ဦးတက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါ်မြမြသက်၏ **နဝတအစိုးရကာလ ၁၉၈၉ ခုနှစ်ကတည်းက မြို့ကွက်သစ်အဖြစ် တိုးချဲ့တည်ဆောက်ပေးခဲ့သည့် စစ်တွေမြို့၏ ရပ်ကွက်ကြီးတစ်ခုဖြစ်သော မင်းဂံရပ်ကွက်တွင် ကွန်ကရစ်လမ်း ထပ်မံခင်းပေးရန်ကျန်ရှိသော မြေသားလမ်း အရှည်ပေ ၈၀၅၄၀ ကို ဘဏ္ဍာနှစ်အလိုက် ပြီးပြည့်စုံအောင် ကွန်ကရစ်လမ်းခင်းပေးရန်အစီအစဉ်ရှိ၊ မရှိနှင့် မင်းဂံရပ်ကွက်၌ မြို့ပြစီမံကိန်းအရ တည်ဆောက်ထားသည့် ဈေးကို စည်ပင်ဥပဒေ၊ ဈေးအင်္ဂါရပ်နှင့် အညီ သပ်ရပ်သန့်ရှင်းစွာ တည်ဆောက်ပေးရန်အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က မင်းဂံရပ်ကွက်ရှိ လမ်းများကို နှစ်စဉ်ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ထိ ကွန်ကရစ်လမ်း ၁၀ လမ်း၊ အရှည်ပေ ၂၁၉၀၀ နှင့် ကတ္တရာလမ်း လေးလမ်း၊ အရှည်ပေ ၄၅၃၀ ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် **စာမျက်နှာ ၂၂ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ဦးမျိုးသန့်က မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်းသည် မိုးကောင်း(ပါဟုတ်)-ကာမိုင်းလမ်းအရှည် ၁၇ မိုင်နှင့် လဝါး-ကာမိုင်း-လုံးခင်း-ဖားကန့် လမ်းပိုင်းအရှည် ၄၀ မိုင် ၇ ဖာလုံ စုစုပေါင်း အရှည် ၅၇ မိုင် ၇ ဖာလုံရှိပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းကို နယ်မြေဒေသအခြေအနေများအရ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှ စတင်၍ ယနေ့အချိန်ထိ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲရှိသည့်အတွက် လမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်းရပ်ဆိုင်းခဲ့ရပါကြောင်း၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်နှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ရန်ပုံငွေလျာထားခြင်းမရှိခဲ့ပါကြောင်း။

အဆိုပါလမ်းကို နိုင်လွန်ကတ္တရာ၊ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးသော်လည်း နယ်မြေအခြေအနေအရ ဆောင်ရွက်နိုင်သည့်အချိန်တွင် လမ်းပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နီးစပ်ရာဘဏ္ဍာနှစ်များတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကလောမဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **ကလောမြို့နယ်တွင် ဝန်ထမ်းအိမ်ရာများကို မည်သည့်အချိန်တွင် စီမံဆောက်လုပ်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကလောမြို့နယ်တွင် တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများအတွက် သီးခြားအိမ်ရာမရှိသော်လည်း ဦးစီးဌာနများအလိုက် ရုံးနှင့်တွဲလျက် တည်ဆောက်ထားသော ဝန်ထမ်းအိမ်ရာများတွင် အများအားဖြင့် နေထိုင်လျက်ရှိပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ နှစ်အလိုက် ဘဏ္ဍာရန်ပုံငွေခွင့်ပြုမှုအရ ရှမ်းပြည်နယ်အတွင်းရှိ အိမ်ရာအခက်အခဲရှိသောမြို့များကို စိစစ်ရွေးချယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဝန်ထမ်းအိမ်ရာများကို ဆောင်ရွက်ပေးလျက်ရှိရာ စုစုပေါင်းဝန်ထမ်းအိမ်ရာအဆောက်အအုံ ၁၉၅ လုံး အခန်းပေါင်း ၂၁၂၈ ခန်း တည်ဆောက်ပေးပြီးဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ မြို့ ၁၂ မြို့တို့တွင် ဝန်ထမ်းအိမ်ရာအဆောက်အအုံအလုံး ၈၀ အခန်းပေါင်း ၁၁၅၄ ခန်း ဆောင်ရွက်ပေးထားပါကြောင်း။

ကလောမြို့တွင် ဝန်ထမ်းအိမ်ရာများကို စီမံဆောက်လုပ်ပေးရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မြေနေရာရရှိရေးကို ကနဦးလျာထားဆောင်ရွက်ရမည်ဖြစ်ပြီး မြေနေရာသတ်မှတ်ပြီးလျှင် ဝန်ထမ်းအိမ်ရာလိုအပ်ချက်ကို စိစစ်၍ နှစ်အလိုက် ရန်ပုံငွေလျာထား ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် လတ်တလောအခြေအနေအရ လျာထားဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ကို မြို့ကွက်သစ်ဖော်ရာတွင် ကျေးရွာလေးရွာမှ လယ်ယာမြေများ သိမ်းဆည်းခဲ့သည့်အတွက် မြေကွက်အစားထိုးပေးအပ်ခြင်းနှင့် လျော်ကြေးငွေပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်အတွင်းရှိ တိုးကြောင်ကြီး၊တိုးကြောင်ကလေးကျေးရွာအပါအဝင် ကျေးရွာလေးရွာသည် ၁၉၈၉-၁၉၉၀ ပြည့်နှစ် ဒဂုံမြို့သစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော မြေနေရာများဖြစ်ပြီး မြို့ကွက်သစ်များအဖြစ် ဖော်ဆောင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါကျေးရွာများမှ သိမ်းဆည်းခံ လယ်ယာမြေများအတွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၃၃)၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၁၂၅)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၂၆)တို့တွင် ၎င်းအချိန်ကာလကတည်းက မြေကွက်များအစားထိုးပေးအပ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ မြေယာ လျော်ကြေးငွေနှုန်းထားများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ တန်ဖိုးသင့် စိစစ်သတ်မှတ်ရေးအဖွဲ့က ၂၀၁၇ ခုနှစ်တွင် သတ်မှတ်ထားသော လျော်ကြေးငွေနှုန်းထားအတိုင်း ပေးလျော်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက လျော်ကြေးပေးရန် စိစစ်ဆုံးဖြတ်ထားသော မြေနေရာများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများက ဘဏ္ဍာငွေတင်ပြတောင်းခံရရှိမှုပေါ်မူတည်၍ လယ်သမားများကို နှစ်စဉ် လယ်ယာမြေလျော်ကြေးများ ပေးလျော်လျက်ရှိပါကြောင်း။

လျော်ကြေးငွေရရှိခြင်းမရှိဘဲ ကျန်ရှိနေပါက လယ်သမားများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြလျှောက်ထားသွားရမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက ပေးလျော်ရန်ကျန်ရှိကြောင်း စိစစ်တင်ပြလာပါက ၂၀၁၇ ခုနှစ်က သတ်မှတ်ထားသည့် လျော်ကြေးငွေနှုန်းထားအတိုင်း ပေးလျော်သွားမည်ဖြစ်ပါကြောင်းနှင့် ခေတ်ကာလပေါက်ဈေးအရ လျော်ကြေးငွေပေးလျော်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **တောင်တွင်းကြီးနှင့် မြို့သစ်မြို့နယ်ကြားရှိ သံကူကွန်ကရစ်ရေကျော်ကို သံကူကွန်ကရစ်“အမြင့်”ရေပေါ်အဖြစ် လာမည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်ပေးနိုင်မှု ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပုလင်းချောင်းရေကျော်သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံခန့်ခွဲသော တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်း မိုင်(၁၄/၀-၁၄/၁)အတွင်း တည်ရှိပါကြောင်း၊ အဆိုပါရေကျော်ကို ၁၉၉၄ ခုနှစ်တွင် တည်ဆောက်ခဲ့သဖြင့် နှစ်ပေါင်း ၃၂ နှစ်ကျော် ကြာမြင့်ပြီဖြစ်ပါကြောင်း၊ ပုလင်းချောင်းရေကျော်သည် မိုးတွင်းကာလ မိုးများ၍ ချောင်းရေကျပါက ယာဉ်များ သွားလာရန်ခက်ခဲ၍ ချောင်းရေလျော့နည်းသည့်အချိန်ထိ တစ်နာရီခွဲခန့်စောင့်ဆိုင်းဖြတ်သန်းသွားလာရပါကြောင်း။

အဆိုပါရေကျော်နေရာကို သံကူကွန်ကရစ်တံတားအသစ် အလျားပေ ၂၄၀ တည်ဆောက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှ စတင်၍နှစ်အလိုက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုင်းကိုင်မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းမွေး၏ **မိုင်းကိုင်လမ်းပိုင်းနှင့် ပန်ကေတု- ကျေးသီးလမ်းပိုင်းကို ချဲ့ပေးရန် ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် လျာထားနိုင်ခြင်းရှိ၊ မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မိုင်းကိုင်လမ်းပိုင်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်-ပန်ကေတု-သီပေါ(ခိုလုံ)လမ်း၏ လမ်းအစိတ်အပိုင်းဖြစ်ပြီး မိုင်းကိုင်မြို့မှ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း) နယ်စပ်ထိ ၄၀ မိုင် ၂ ဖာလုံအရှည်ရှိပြီး ပြည်ထောင်စုက စီမံခန့်ခွဲသည့် လမ်းဖြစ်ပါကြောင်း၊ ပန်ကေတု-ကျေးသီးလမ်းပိုင်းသည် ကွန်ဟိန်း-မိုင်းနောင်-ကျေးသီး-ပန်ကေတုလမ်း၏ လမ်းအစိတ်အပိုင်းဖြစ်၍ ၁၁ မိုင်အရှည်ရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသည့်လမ်းဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ခွင့်ပြုထားပြီးဖြစ်ပါကြောင်း၊ လွိုင်လင်-ပန်ကေတု - သီပေါ(ခိုလုံ)လမ်း၏ မိုင်းကိုင်လမ်းပိုင်းတွင် ကတ္တရာရေပိတ်လွှာလောင်းခြင်း သုံးဖာလုံ၊ အမာခံလမ်းပခုံးပြုပြင်ခြင်း သုံးဖာလုံ၊ မြေသားလမ်းပခုံးနေရာများပြုပြင်ခြင်း ၉ မိုင် ၃ ဖာလုံပြုပြင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် မိုင်းကိုင်လမ်းပိုင်းရှိပျက်စီးနေသော လမ်းပိုင်းများကို ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကွန်ဟိန်း-မိုင်းနောင် - ကျေးသီး - ပန်ကေတုလမ်း၏ ပန်ကေတု - ကျေးသီးလမ်းပိုင်းကို လမ်းအနိမ့်အမြင့်ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ခြောက်ဖာလုံ၊ ကတ္တရာလမ်းပြုပြင်ခြင်း နှစ်ဖာလုံ၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အဆိုပါ လမ်းနှစ်လမ်းနှင့်ပတ်သက်၍ ပထမအဆင့်အနေဖြင့် ပြည်ထောင်စုနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လွိုင်လင်-ပန်ကေတု-သီပေါလမ်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း လေးမိုင်၊ နှစ်ပေအကျယ် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁ မိုင် ၇ ဖာလုံ၊ ၁၀ ပေ ၃၄ ပေ၊ သံကူကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းနှင့် ကွန်ဟိန်း-မိုင်းနောင် - ကျေးသီး - ပန်ကေတုလမ်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၁ မိုင် ၂ ဖာလုံ ဆောင်ရွက်ခြင်းလုပ်ငန်းများကို လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိုင်းကိုင်လမ်းပိုင်း ၂၆ မိုင်ခန့်နှင့် ပန်ကေတု - ကျေးသီးလမ်းပိုင်း ၁၁ မိုင်ကို လမ်းအကျယ် ၁၈ ပေ အကျယ်ချဲ့ခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှ စတင်ပြီး မိုင်းကိုင်လမ်းပိုင်းကိုပြည်ထောင်စုရန်ပုံငွေနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ပန်ကေတု-ကျေးသီးလမ်းပိုင်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို ဇူလိုင် ၂၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

**စာမျက်နှာ ၂၁ မှအဆက်**

မင်းဂံဆင်းလမ်း အရှည်ပေ ၁၄၀၀၊ အကျယ် ၂၄ ပေနှင့် ABC ကလေးဂေဟာသွားလမ်း အရှည် ၂၁၂၃ ပေ၊ အကျယ် ၁၈ ပေတို့ကို အဆင့်မြှင့်တင်၍ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ကျန်ရှိသည့် လမ်းသွယ်၊ လမ်းကြားများကိုလည်း ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းတူးဖော်ခြင်း၊ ရေစီးရေလာအခြေအနေစောင့်ကြည့်ခြင်းများ ဆောင်ရွက်ပြီး ပြည်သူလူထု အသုံးများသောလမ်းအလိုက် ဦးစားပေးလျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မင်းဂံရပ်ကွက်ရှိလမ်းများ အဆင့်မြှင့်တင်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ နောင်လာမည့် ဘဏ္ဍာနှစ်များတွင် ဦးစားပေးပြီး ဆောင်ရွက်သွားရန် ပြည်နယ်အစိုးရအဖွဲ့ကလည်း ညွှန်ကြားမှုပြုထားပြီးဖြစ်၍ နှစ်အလိုက် တိုးတက်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

ဈေးနှင့်ပတ်သက်၍ မင်းဂံဈေးသည် ဧရိယာ ၁ ဒသမ ၄၅ ဧက ကျယ်ဝန်းပြီး ပုဂ္ဂလိကဈေးဆိုင်ခန်း ၆၀ ခန့်ရှိသော ပုံကျဈေးဖြစ်ပါကြောင်း၊ ဈေးအဆင့်မြှင့်တင်ဆောင်ရွက်မည့်လုပ်ငန်းနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ်တွင် တစ်ကြိမ်၊ ဈေးသူဈေးသားများနှင့် ဆွေးနွေးညှိနှိုင်းမှုဆောင်ရွက်ခဲ့သော်လည်း ဈေးသူဈေးသားများ၏ဆန္ဒသဘောထားအရ ဈေးသစ်တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု မရှိခဲ့ပါကြောင်း၊ မင်းဂံဈေးနှင့်ပတ်သက်၍ ဈေးရုံများထိန်းသိမ်းခြင်း၊ ပြုပြင်ပေးခြင်းများကို စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် သား၊ ငါးရောင်းချသည့် ၆ x ၃၆ ပေ ဈေးရုံ တစ်ရုံကို ခွင့်ပြုရန်ပုံငွေကျပ် ၉၆ ဒသမ ၃၃၀ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပြီး ဈေးတွင်း သန့်စင်ခန်း ပြုပြင်ခြင်းနှင့် ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မင်းဂံဈေး အဆင့်မြှင့်တင် တည်ဆောက်ခြင်းနှင့် ပတ်သက်၍ လတ်တလောတွင် ဈေးရောင်းချသူများ နည်းပါးသော်လည်း ဈေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ဈေးသူ ဈေးသားများနှင့် ညှိနှိုင်းပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့ ဟူးကောင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း၏ ၁၂၀ x ၂၀ x ၁၂ ပေ တစ်ထပ်ကျောင်းဆောင် သွပ်မိုး၊ သမံတလင်းခင်း၊ အုပ်ညှပ်(ပင်မဆောင်)ကို ဖျက်သိမ်းခွင့်ပြုရန်နှင့် ပေ ၁၃၀ x ၃၀ RC နှစ်ထပ် အစားထိုးကျောင်းဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျောင်းဆောင်များအနေဖြင့် အဆိုပါကျောင်းတွင် အန္တရာယ်ဆောင် ပေ ၁၂၀ x ၂၀ သွပ်မိုး၊ သမံတလင်းခင်း၊ အုတ်ညှပ် တစ်ထပ်ဆောင်၊ ပေ ၉၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ဆောင်၊ ပေ ၆၀ x ၂၀ သွပ်မိုး၊ အုတ်ညှပ်တစ်ဆောင်၊ ပေ ၉၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင် စုစုပေါင်းကျောင်းဆောင် လေးဆောင်ရှိပြီး စာသင်ခန်း ကိုးခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းသား၊ ကျောင်းသူ ၅၃၈ ဦး၊ စာသင်ခန်း ကိုးခန်းရှိသည့်အတွက် အဆိုပါ ဟူးကောင်း-အခြေခံပညာမူလတန်း (လွန်) ကျောင်းတွင် စာသင်ခန်း ငါးခန်း လိုအပ်နေပါကြောင်း၊ အန္တရာယ်ဆောင် ပေ ၁၂၀ x ၂၀ သွပ်မိုး၊ သမံတလင်းခင်း၊ အုတ်ညှပ် တစ်ဆောင်ကို ဖျက်သိမ်း၍ ပေ ၁၁၀ x ၃၀ RCC နှစ်ထပ် ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့ ကင်ဆားရာရပ်ကွက်အတွင်းရှိကင်ဆားရာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ကျောင်းအဆင့်တိုးမြှင့်ရန်အတွက် အလယ်တန်းအဆင့်ကျောင်းသားဦးရေ ၂၄၀ အထက်ရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများ၊ သဘာဝဘေးအန္တရာယ်အတားအဆီးရှိသောဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် နှစ်မိုင်အထက်ကွာဝေးခြင်း၊ သွားလာရလွယ်ကူသောမြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် သုံးမိုင်အထက်ကွာဝေးခြင်း၊ မြေပိုင်ဆိုင်မှု ငါးဧကရှိရန်တို့ လျာထားသတ်မှတ်ထားရှိပါကြောင်း။

သို့ပါ၍ ကချင်ပြည်နယ် တနိုင်းမြို့ ကင်ဆားရာ- အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် အလယ်တန်းအဆင့်ကျောင်းသား ၃၃၂ ဦးရှိသော်လည်း ပင်မကျောင်းဖြစ်သော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် သုည ဒသမ ၃ မိုင်သာကွာဝေးပါသဖြင့် အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အတွက် သတ်မှတ်ထားသောလျာထားချက်နှင့် ကိုက်ညီမှုမရှိပါသဖြင့် အဆင့်တိုးမြှင့်ပေးရန် လတ်တလောဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် အဆောက်အအုံလိုအပ်နိုင်သည့်အခြေအနေအပေါ် ကွင်းဆင်းစစ်ဆေးပြီး ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ ပြည်နယ်ဦးစားပေး အစီအစဉ်ဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဒေါ်မီမီကျော်ထွန်း၏ **ကချင်ပြည်နယ် တနိုင်းခရိုင် တနိုင်းမြို့ ဒူးကောင်းရပ်ကွက်ရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်း၏ ၁၀၀ x ၂၄ x ၁၃ ပေ တစ်ထပ်ဆောင် သွပ်မိုး၊ ပျဉ်ထောင်၊ ထရံကာ၊ ပျဉ်ခင်း (ပင်မဆောင်)ကို ဖျက်သိမ်းရန်နှင့် ပေ ၁၃၀ x ၃၀ RC ကျောင်းဆောင်သစ်တစ်ဆောင် အစားထိုး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စာသင်ဆောင်များအနေဖြင့် အဆိုပါကျောင်းတွင် အန္တရာယ်ဆောင် ၁၀၀ x ၂၄ ပေ သွပ်မိုး၊ သမံတလင်းခင်း၊ အုတ်ညှပ် တစ်ထပ်၊ ပေ ၁၀၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ ပေ ၉၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ ပေ ၆၀ x ၃၀ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်၊ ပေ ၄၀ x ၃၀ ယာယီဆောင်တစ်ဆောင် စုစုပေါင်း ကျောင်းဆောင် ငါးဆောင် စာသင်ခန်း ၁၂ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောင်းသား၊ ကျောင်းသူ ဦးရေ ၇၂၀ စာသင်ခန်း ၁၂ ခန်းရှိသည့်အတွက် အဆိုပါ ဒူးကောင်း-အခြေခံပညာမူလတန်း(လွန်) ကျောင်းတွင် ကျောင်းသား/တန်းခွဲအရ စာသင်ခန်း ခြောက်ခန်း လိုအပ်လျက်ရှိပါကြောင်း၊ အန္တရာယ်ဆောင် ၁၀၀ x ၂၄ ပေ သွပ်မိုး၊သမံတလင်းခင်း၊ အုတ်ညှပ် တစ်ထပ်ဆောင်ကို ဖျက်သိမ်း၍ ပေ ၁၁၀ x ၃၀ RCC နှစ်ထပ်ဆောက်လုပ်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ်မူတည်၍ ပြည်နယ်ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် **မြန်မာနိုင်ငံအတွင်း အာမခံလုပ်ငန်းများ ရပ်ဆိုင်း၊ ထွက်ခွာသည့်အခါ အာမခံထားသူ ပြည်သူများ၏ ရပိုင်ခွင့်များ မဆုံးရှုံးစေရန် အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund) တည်ထောင်ရေးနှင့် လွှဲပြောင်းကာကွယ်ရေးစနစ် ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁၂) ဒေါ်ခင်ဆွေက တင်သွင်းရာတွင် အာမခံစနစ်သည် ပြည်သူများ၏ စီးပွားရေးလုံခြုံမှုနှင့် မျှော်လင့်ချက်တို့ကို အာမခံပေးသည့် အရေးကြီးသောစနစ်ဖြစ်ပါကြောင်း၊ သို့သော် ကုမ္ပဏီတစ်ခုရပ်ဆိုင်းသွားပါက သို့မဟုတ် ရုတ်တရက်ထွက်ခွာသွားပါက ပေးသွင်းပြီး အာမခံကြေးများ ဆုံးရှုံးနိုင်ခြင်း၊ လျော်ကြေးမရနိုင်ခြင်း စသည့်အန္တရာယ်များဖြစ်ပေါ်နိုင်ပါကြောင်း။

မြန်မာနိုင်ငံတွင် မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံလုပ်ငန်း အနည်းငယ်သာရှိပါကြောင်း၊ မြန်မာနိုင်ငံသား ပြည်သူအများစုသည် အာမခံ၏အဓိပ္ပာယ်၊ အာမခံထားခြင်း၏ အကျိုးအပြစ်များကို သိရှိသူအလွန်နည်းပါးပြီး လူဦးရေ တစ်ရာခိုင်နှုန်းအောက်သာ အာမခံထားရှိသည်ဟု သိရပါကြောင်း၊ ထို့ကြောင့် ပြည်သူများကို အာမခံလုပ်ငန်းနှင့် ဆက်စပ်ပတ်သက်သည့် ဗဟုသုတများကို ဖြန့်ဝေပေးပါက ကောင်းမွန်မည်ဟု ထင်မြင်မိပါကြောင်း။

ပိတ်သိမ်းထွက်ခွာခြင်း မရှိသေးသော အချို့သောပြည်ပကုမ္ပဏီများလည်း ရှိနေသေးသောကြောင့် နောက်ထပ်တူညီသည့် ဖြစ်စဉ်ကဲ့သို့ပေါ်လာပါက ပြည်သူများ၏ အခွင့်အရေးများ မဆုံးရှုံးစေရန် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာနများက အာမခံကာကွယ်ရေးရန်ပုံငွေ (Insurance Guarantee Fund)အဖွဲ့အစည်းတစ်ခုကို အာမခံကုမ္ပဏီများက အချိုးကျထည့်ဝင်ငွေဖြင့် နိုင်ငံတော်အဆင့် ဖွဲ့စည်းတည်ထောင်ရန် လိုအပ်ပါကြောင်း၊ အာမခံကုမ္ပဏီတစ်ခု ရပ်ဆိုင်းခြင်း သို့မဟုတ် ရုတ်တရက်ထွက်ခွာသွားခြင်းများရှိပါက မြန်မာ့အာမခံလုပ်ငန်း သို့မဟုတ် အခြားအာမခံကုမ္ပဏီတစ်ခု အပေါ်သို့ ပေါ်လစီများလွှဲပြောင်းပေးနိုင်သည့်စနစ်ကို ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပေးပါက ကောင်းမွန်မည်ဖြစ်ပါကြောင်း၊ ဥပဒေနှင့်အညီ နစ်နာသူပြည်သူများအတွက် အမြန်ဆုံးကာကွယ်စောင့်ရှောက် ဆောင်ရွက်ပေးပါရန် တိုက်တွန်းတင်ပြအပ်ပါကြောင်း။

ထို့ပြင် အာမခံကုမ္ပဏီတစ်ခုခုလုပ်ငန်း ရပ်ဆိုင်းမှု သို့မဟုတ် ထွက်ခွာသွားမှုများရှိပါက ပြည်သူများသိရှိအောင် သတင်းထုတ်ပြန်ရန်နှင့် အာမခံပြည်သူများ ရပိုင်ခွင့် မဆုံးရှုံးစေရန် ကြီးကြပ်ခြင်း၊ ပွင့်လင်းမြင်သာမှုစနစ်များကို ပြည်ထောင်စုအစိုးရအနေဖြင့် လိုအပ်သလို တိုးမြှင့်စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါကြောင်း၊ နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး လုံခြုံမှုများကဲ့သို့ အာမခံစနစ်သည်လည်း ပြည်သူများအတွက် အရေးကြီးသောအကာအကွယ်တစ်ခုဖြစ်ပါသဖြင့် ဥပဒေစနစ်ခိုင်မာရေးကို ပြည်ထောင်စုအစိုးရအနေဖြင့် အမြန်ဆုံး ဆောင်ရွက်ပေးသင့်ပါကြောင်း တင်သွင်းသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်မာရီအားမူက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုကို လွှတ်တော်က ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ဇူလိုင် ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း သို့မဟုတ် စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် သို့မဟုတ် အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစား သားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အိန္ဒိယသမ္မတနိုင်ငံ၌ ကျင်းပသည့် ပဥ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးသို့ တက်ရောက်






နေပြည်တော် ဇူလိုင် ၁၇

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေး ပုဂ္ဂိုလ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီ မြို့၌ ကျင်းပသည့် ပဥ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့တက် ရောက်ရန် ဇူလိုင် ၁၃ ရက်မှ ၁၇ ရက်ထိ အိန္ဒိယနိုင်ငံသို့သွားရောက်ခဲ့ပြီး ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည် ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆို ခဲ့ကြသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေး ပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၆ ရက်တွင် ပဥ္စမအကြိမ်မြောက် ဘင်းမ်စတက်အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်၍ အကြမ်းဖက်မှုနှင့် နိုင်ငံ ဖြတ်ကျော်မှုခင်းများ တားဆီးနှိမ်နင်းရေး၊ ရေကြောင်းလုံခြုံရေး၊ ဆိုက်ဘာလုံခြုံရေး၊ စားနပ်ရိက္ခာနှင့်စွမ်းအင်ဖူလုံရေး စသည့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရေးနှင့် ပူးပေါင်းဆောင် ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး သည် ဇူလိုင် ၁၅ ရက် ညနေပိုင်းတွင် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ အာဂျစ် ဒိုဗယ်လ် က အစည်းအဝေးသို့ တက်ရောက်လာကြ သည့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် များကို တည်ခင်းဧည့်ခံသည့် ကြိုဆို ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၅ ရက်မှ ၁၆ ရက်အတွင်း အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေး ပုဂ္ဂိုလ် မစ္စတာ အာဂျစ်ဒိုဗယ်လ်၊ သီရိ လင်္ကာ နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန အတွင်းဝန် မစ္စတာဆမ်ပက် သူရကွန်သာ၊ ထိုင်းနိုင်ငံ အမျိုးသားလုံခြုံရေး ကောင်စီ အတွင်းရေးမှူးချုပ် မစ္စတာ ချတ်ချိုင် ဘန်ချွတ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ်၏ ကာကွယ်ရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဒေါက်တာ အေကေအမ်ရှမ်ဆူလ် အစ္စလာမ် တို့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ် များ၊ နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာကိစ္စ ရပ်များ၊ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ တရားမဝင် ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ ကိစ္စရပ်များ၊ သတင်းအချက် အလက် အပြန်အလှန် မျှဝေခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လူသားချင်း စာနာမှုအကူ အညီပေးရေး ဆိုင်ရာကိစ္စရပ်များ၊ နည်းပညာမျှဝေခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်ရေးနှင့် နယ်စပ် ကုန်သွယ်ရေးဆိုင်ရာကိစ္စရပ်များ အပါ အဝင်ကဏ္ဍစုံ၌ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ပဥ္စမအကြိမ်မြောက် ဘင်းမ်စတက် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲ များအစည်းအဝေးသို့ ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံ ခုနစ်နိုင်ငံမှ လုံခြုံရေး ဆိုင်ရာအကြီးအကဲများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် သက်ဆိုင်ရာအဖွဲ့ဝင် နိုင်ငံများမှ သံတမန်အရာရှိများ ပါဝင် တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

## တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၁၇

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ အားကစားဝါသနာ ရှင်များနှင့် ဖိတ်ကြားထားသူများ တက် ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့် ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှု အားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင် အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၂၈ ရက်ထိ ကျင်းပ သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (၅၀၁)

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၇

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်း ဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ် ပါသည်။ (မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



ကာကွယ်ရေးဦးစီးချုပ် (လေ)ကိုယ်စား နယ်မြေခံလေတပ်စခန်းဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

## ၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ပြုလုပ်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်း တွင် မိတ္ထီလာမြို့ရှိ နယ်မြေခံလေတပ် စခန်းဌာနချုပ် အားကစားရုံ၌ပြုလုပ်ရာ နယ်မြေခံ လေတပ်စခန်းဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဆုရရှိ သော အားကစားသမားများကို တာဝန် ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်း ရရှိသောအသင်းကို ကာကွယ်ရေး ဦးစီးချုပ်(လေ)ကိုယ်စား နယ်မြေခံ လေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးက လည်းကောင်း ဆုများအသီးသီး ပေးအပ် ချီးမြှင့်သည်။

အဆိုပါ ဘော်လီဘောပြိုင်ပွဲကို လေတပ်ကွပ်ကဲမှုဌာနချုပ်၊လေတပ်စခန်း ဌာနချုပ်နှင့် လေတပ်စခန်းအသီးသီးတို့မှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၄ သင်းနှင့် အမျိုးသမီး အသင်း ၁၁ သင်းတို့ဖြင့် ဇူလိုင် ၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစား ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဇူလိုင် ၁၇

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများပေးအပ်ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဆေးတပ်ရင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှတိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်လင်းမောင် ဆေးကုသခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ဆေးကုသခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# လွတ်လပ်ရေးအဓိပ္ပာယ်

လွတ်လပ်ရေးဆိုတဲ့အဓိပ္ပာယ်ဟာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး။ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာဖြစ်နိုင်တယ်။ အဲဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ရတဲ့အခါမှာလည်း နားလည်ရမှာက ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်။ ငါတို့တိုင်းပြည်ဟာ လွတ်လပ်ရေးရအောင်လည်းပဲ စည်းကမ်းရှိရှိနဲ့ လုပ်ရမယ်။ အဲဒီလိုအားဖြင့် စည်းကမ်းသဘောတွေကို နားလည်ပြီး စည်းနဲ့ကမ်းနဲ့အလုပ်လုပ်ကြမှ လွတ်လပ်ရေးဆိုတာ တကယ်ရမယ်။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၃ရက်တွင် မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင်
ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးပြောကြားခဲ့သည့်မိန့်ခွန်းမှကောက်နုတ်ချက်



## နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကယားပြည်နယ်အစိုးရအဖွဲ့က ဖရူဆိုမြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဘောလခဲမြို့နယ်တို့ရှိ နေရပ်ပြန်ပြည်သူများကို ထောက်ပံ့




**နေပြည်တော် ဇူလိုင် ၁၇**

နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက် ပေးနိုင်မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ယနေ့နံနက်ပိုင်းက ကယားပြည်နယ်ခန်းမ၌ကျင်းပသည့် မာခရော်ရှေ့ကျေးရွာမှ အိမ်ထောင်စုများအတွက် ဆိုလာထောက်ပံ့ပေးအပ်ခြင်းနှင့် ဒီးမော့ဆိုနှင့် ဘောလခဲမြို့နယ်နေရပ်ပြန်သူများအတွက် အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်ပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ဒေသခံပြည်သူကို တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားပြည်သူများအနေဖြင့် နေရပ်တွင်ပြန်လည်နေထိုင်ကြသည့်အခါ အထောက်အကူဖြစ်စေရန်အတွက် ဒီးမော့ဆိုမြို့နယ်နှင့် ဘောလခဲမြို့နယ်အတွင်းရှိ နေရပ်ပြန်ပြည်သူဦးရေ ၆၁၀ အတွက် ဆန်၊ ဆီ၊ ပဲ၊ ဆားတို့ကိုလည်းကောင်း၊ ဖရူဆိုမြို့နယ် မာခရော်ရှေ့ကျေးရွာနေ ပြည်သူများအတွက် ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်း ၅၂ စုံကိုလည်းကောင်း လက်ဝယ်အရောက်ထောက်ပံ့ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

အခမ်းအနားသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ပါမောက္ခဒေါက်တာကျော်တင့် | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (၂) ဦးမြင့်ဇင်ထူး | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန |

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်**
**စွမ်းအင်လည်းရ ပြည်လည်းလှ။**

## မြစ်ငယ်ကုန်းတွင်းဆိပ်ကမ်းရှိ Mandalay Commercial Complex မှ ပို့ကုန်လုပ်ငန်းရှင်များအတွက် One Stop Service စနစ်ဖြင့် ပို့ကုန်လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၁၇**

မန္တလေးမြို့ မြစ်ငယ်ကုန်းတွင်းဆိပ်ကမ်းရှိ Mandalay Commercial Complex မှ ပို့ကုန်လုပ်ငန်းရှင်များအတွက် One Stop Service စနစ်ဖြင့် ပို့ကုန်လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်ရုံး(မန္တလေး)မှ သိရသည်။

ထိုကဲ့သို့ One Stop Service စနစ်ဖြင့် ဆောင်ရွက်ပေးသည့် ပို့ကုန်လုပ်ငန်းစဉ်များ အသိပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဆိပ်ကမ်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့ပြင် ကုန်းတွင်းဆိပ်ကမ်း General Warehouse ၌ကုန်ပစ္စည်းများဝင်ရောက်မှု၊ သိုလှောင်မှုနှင့် သယ်ဆောင်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပို့ကုန်လုပ်ငန်းရှင်များ၏ ပို့ကုန်တင်ပို့နိုင်မှုနှင့် ပို့ကုန်အလားအလာ၊ ပြည်ပသို့ပြောင်းနှင့်သကြားများ တိုက်ရိုက်တင်ပို့နိုင်မှု၊ မြစ်ငယ်မှ ရန်ကုန်ရှိ Dry Port နှင့် သတ်မှတ်ထားသည့် ဆိပ်ကမ်းများထိ ကွန်တိန်နာများကို ရထားဖြင့်စနစ်တကျ ချိတ်ဆက် ပို့ဆောင်ပေးနေမှုတို့နှင့် စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ၁၇-၇-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဂျုံ၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေဩဇာ၊ ကားဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၃၂ သန်းကို စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ သုည ဒသမ ဝ၄ ကို CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၇ ~ ၃၆၆၅.၁ | ၅၅၇.၈ ~ ၅၅၈.၁ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၄၆၂,၀၇၇.၅၈ | ၅၀,၆၀၈,၈၁၇.၉၅ | ၅၂,၇၈၇,၄၄၃.၇၄ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာမြှင့်တင်ရန် အမှတ်(၁၀)အခြေခံပညာအလယ်တန်းကျောင်း၌ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြောပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၁၇**

အခြေခံပညာကျောင်းသား၊ ကျောင်းသူများ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားရရှိစေရန်နှင့် ဖြောင့်မတ်တည်ကြည်မှု တန်ဖိုးများကို နားလည်သဘောပေါက်စေရန်ရည်ရွယ်၍ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးဟောပြောပွဲကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် (မန္တလေးရုံးခွဲ)က ယနေ့တွင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်(မန္တလေးရုံးခွဲ)မှ ညွှန်ကြားရေးမှူး ဦးအောင်ထူးမြင့်၊ အမှတ်(၁၀) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီဝင်းထွေး၊ ဆရာ၊ ဆရာမများနှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅၆ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၅၂ ဦး တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲတွင် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(ဆရာကိုင်)စာအုပ်ပါ သင်ခန်းစာများကို အခြေခံ၍ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အများအကျိုးနှင့် ကိုယ်ကျိုးကြား မှန်ကန်စွာ ခွဲခြားတွေးခေါ်နိုင်ရေးနှင့် ဖြောင့်မတ်တည်ကြည်မှု တန်ဖိုးများကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။ **အောင်နိုင်ထွန်း**

■ **ကရာတေးပြိုင်ပွဲမှ**

တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်များနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြပြီး ဆုပေးပွဲ ဆက်လက်ကျင်းပရာ တာဝန်ရှိသူများက အမျိုးသမီး ကုမိတဲ့ ကီလို -၅၀ တန်းပြိုင်ပွဲ၊ အမျိုးသမီး ကုမိတဲ့ -၅၅ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ကုမိတဲ့ -၅၅ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီး ကုမိတဲ့ -၆၁ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ကုမိတဲ့ ကီလို -၆၀ တန်းပြိုင်ပွဲ၊ အမျိုးသမီး ကုမိတဲ့ +၆၁ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ကုမိတဲ့ -၆၇ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသား ကုမိတဲ့ -၇၅ ကီလိုတန်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်း ခတပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက် ခတပြိုင်ပွဲ၊ အမျိုးသားအသင်းလိုက် ခတပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး အသင်းလိုက် ပြိုင်ပွဲတို့တွင် ဆုရရှိသူများကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ထို့အတူ အကောင်းဆုံးအမျိုးသမီးအားကစားသမားဆုနှင့် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိသူများကို Trophy နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

အလားတူ အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ စုပေါင်းတံခွန်စိုက် ဆုဖလားရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းကို ဆုဖလားများ ပေးအပ်ကြသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင်အမျိုးသားအသင်း ၁၄ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်း စုစုပေါင်း ပြိုင်ပွဲဝင်အားကစားသမား ဦးရေ ၁၄၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ **မိုဘိုင်းစခန်းမှ**

ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဆောင်ရွက်ခဲ့သည့် ချင်းစုကျေးရွာ မိုဘိုင်းစခန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သစ်စိမ့်ပင်ကျေးရွာ အုပ်စု ချင်းစုကျေးရွာ မိုဘိုင်းစခန်းရှေ့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ မိုဘိုင်းစခန်းကို ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်၊ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်နှင့် ဦးအောင်ဇေယျတို့က ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးက အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



○ **ဝါးအလယ်ကျွန်းမှ**

ဝါးအလယ်ကျွန်း အပန်းဖြေစခန်းမှ သိရသည်။

သဘာဝပတ်ဝန်းကျင်ကို အခြေခံဖွင့်လှစ်ထားသည့် ဝါးအလယ်ကျွန်း အပန်းဖြေစခန်းကို နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ခရီးသွားပိုမိုတည်းခိုအပန်းဖြေနိုင်ရန် သဘာဝတည်းခိုခန်း ၂၁ ခန်းကို ပြင်ဆင်ဆောင်ရွက်နေကြောင်း သိရသည်။

“ဝါးအလယ်ကျွန်းက သဘာဝဂေဟစနစ်ကို လက်ရှိအတိုင်း ဆက်လက်ထိန်းသိမ်းထားပြီး အဲ့ဒါကို သဘောကျမြတ်နိုးလို့ နိုင်ငံခြားခရီးသွားတွေ လာရောက်အပန်းဖြေရာမှာ အရှေ့တိုင်းနိုင်ငံတွေထက် ဥရောပနိုင်ငံတွေက လာရောက်တာများပါတယ်။ လက်ရှိအပန်းဖြေစခန်းပိတ်ထားချိန်မှာ လာမယ့်ခရီးသွားရာသီအတွက် ပြင်ဆင်စရာရှိတာတွေ လုပ်ဆောင်နေတာရှိပါတယ်။ ကမ္ဘာ့ရာသီဥတု ပိုပြီးပူလာတဲ့အတွက် ပန်ကာအပြင် ဆိုလာစနစ်သုံးအဲယားကွန်းအချို့ တပ်ဆင်ပေးနေတာရှိပါတယ်။ ပြီးတော့ ကလေးတွေလဲပါလာတတ်တာကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိတဲ့ ရေချိုရေကူးကန်လုပ်ဆောင်နေပါတယ်။ မူလကတည်းက လှပြီးသားဖြစ်တဲ့ လန်ပိကျွန်းရဲ့ သဘာဝပတ်ဝန်းကျင်ကိုလည်း ဆက်လက်ထိန်းသိမ်းထားတာကြောင့် မနှစ်ကထက် ဒီနှစ်ခရီးသွားရာသီမှာ ခရီးသွားပိုပြီးဝင်ရောက်လာမယ်လို့ မျှော်မှန်းထားပါတယ်”ဟု ဝါးအလယ်ကျွန်း အပန်းဖြေစခန်း အထွေထွေမန်နေဂျာ ဦးအောင်ဇင်လတ်က ပြောပြသည်။

အပန်းဖြေစခန်းသို့ ရောက်ရှိလာကြသည့် နိုင်ငံခြားသားခရီးသွားများအနေဖြင့် ပထမဆုံး ပင်လယ်ကမ်းခြေတွင် ကယက်လှော်စီးခြင်း၊ ရေငုပ်ခြင်းဖြင့် ဦးစွာအပန်းဖြေကြပြီး ဒုတိယနေ့၌ ဒီရေတောအတွင်း ကယက်လှော်စီး၍ လှော့လာခြင်းနှင့် တတိယနေ့၌ သစ်တောအတွင်း အပင်များနှင့်ဇီဝမျိုးစုံမျိုးကွဲများကိုကြည့်ရှုလှော့လာကာ ကျန်အပန်းဖြေရက်များ၌ ကျွန်းအလှနှင့် ပင်လယ်ပြင်အလှကို ကြည့်ရှုလေ့ရှိကြောင်း၊ ထို့ပြင် ဆလုံတိုင်းရင်းသားတို့၏ လူနေမှုဘဝပုံစံနှင့် သန့်ရှင်းသာယာလှပသည့် လငန်းကျွန်းရှိ စံပြရွာ၌ ဆလုံနှင့် မြန်မာတို့၏ လူနေမှုဘဝပုံစံနှင့် ကျွန်းအလှကို နိုင်ငံခြားသားများ အထူးစိတ်ဝင်စား ကြည့်ရှုလေ့ရှိကြကြောင်း သိရသည်။


မြန်မာနိုင်ငံတွင် ပထမဆုံး အဏ္ဏဝါဥယျာဉ်ကြီးတစ်ခုဖြစ်သည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကြီး၏ ၇၅ ရာခိုင်နှုန်းသည် အဏ္ဏဝါမူရင်းဒေသများဖြစ်ပြီး အမြဲစိမ်းတော၊ ဒီရေတောနှင့် ပင်လယ်သဲခုံတို့ဖြင့် ကုန်းမြေ၊ သစ်တောနှင့် အဏ္ဏဝါဇီဝမျိုးစိတ်များ ရှင်သန်ကြွယ်ဝလျက်ရှိသည်။ မူလကပင် အလှကြွယ်လျက်ရှိသည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်ကြီးတွင် သန္တာကျောက်တန်းများကို ကာကွယ်ခြင်း၊ ကုန်းနေ၊ ရေနေသတ္တဝါများ ထိခိုက်မှုမရှိစေရန် ထိန်းသိမ်းခြင်းနှင့် အဏ္ဏဝါအမျိုးသားဥယျာဉ်ကြီး၏ သဘာဝကိုအခြေခံသည့် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေကြောင်း သတင်းရရှိသည်။ **ညိမ်းသူ(သတင်းစဉ်)**

❑ **နေရာကွက်၍ မိုးကြီးနိုင်မှ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။


● ဖမ်းဆီးရမိမှ

သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ဇေယျာလင်းနှင့် ထွေးမင်းဇော်တို့နှစ်ဦးကို မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းဆုံတွင်လည်းကောင်း၊ ဇူလိုင် ၈ ရက် နံနက် ၈ နာရီခွဲတွင် မျိုးသန်းကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၂၉)ရပ်ကွက်၌ TOYOTA HILUX SURF ယာဉ် တစ်စီးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၁၁ နာရီခွဲတွင် ဝေထွန်းပိုင်ဆိုင်သည့် ဒလမြို့၊ မှောက်စက်ရပ်ကွက်၊ ရန်ကုန်မြစ်ကမ်းတွင် စိုက်ကပ်ထားသော မိဘမေတ္တာ(၁)စက်လှေပေါ်မှ ခင်မောင်ထွန်း၊ စမျိုးမင်း၊ ကျော်ကျော်ဝင်း၊ ဝင်းနိုင်ဦး၊ မိုးဇော်ဦး၊ မောင်မောင်၊ ချိုလွင်၊ သန်းဝေ၊ လှမျိုးခိုင်၊ မြင့်ခိုင်တို့ ၁၀ ဦးကို အိုက်စ်(မက်သ်အဖက်တမင်း)ကီလို ၃၁၀ (ကာလတန်ဖိုး ၇ ဒသမ ၇၅ ဘီလီယံ)ကျပ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ပင်လယ်ပြင်သို့သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်ဦးကို ကွမ်းခြံကုန်းမြို့နယ်၌လည်းကောင်း၊ ရာဇာဟိန်း ခေါ် ရာဇာကို ဗိုလ်တထောင်မြို့နယ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ကွင်းဆက်စစ်ဆေး ဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ရန်ကုန်သို့ တာဝန်ခံသယ်ဆောင်သူမှာ လားရှိုးမြို့နယ် ပန်ဟိုးကျေးရွာနေ ရန်ကြားရှော ခေါ် ကုလား ခေါ် ရန်ကုလား (ဖမ်းဆီးရန်ကျန်)ဖြစ်ပြီး ရန်ကုန်မှ ပင်လယ်ပြင်သို့ တင်ပို့ရာတွင် အဓိကစီမံခန့်ခွဲသူမှာ မော်ဘီမြို့နယ် ညောင်ပင်သာရွာနေ ဝေထွန်း(ဖမ်းဆီးရန်ကျန်)ဝီလျံထွန်းကုမ္ပဏီပိုင်ရှင်ဖြစ်ပြီး ၎င်းနှင့်အတူ ပူးပေါင်းပါဝင်သော ဝီလျံထွန်းကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင်များဖြစ်သည့် ဒေါပုံမြို့နယ်အေးရပ်ကွက်နေ မြတ်သူ ခေါ် မြတ်သစ်(ဖမ်းဆီးရန်ကျန်)၊ တာမွေမြို့နယ်နေ ရာဇာဟိန်းခေါ် ရာဇာ၊ မြောက်ဒဂုံမြို့နယ်နေ မျိုးသန်းတို့သည် ရန်ကုန်မှ တစ်ဆင့် ပင်လယ်ပြင်သို့ သယ်ဆောင်ရောင်းဝယ်ခဲ့သူများဖြစ်သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့်ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

## လယ်ဝေးနှင့် ဒလမြို့နယ်တို့တွင် ပင်လယ်ပြင်သို့ ပို့ဆောင်မည့် ငွေကျပ် ဘီလီယံ၂၀ ကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို၈၀၀ကျော် ဖမ်းဆီးရမိမှုမှ ကွင်းဆက်အဆင့်ဆင့် ဖော်ထုတ်ရရှိမှုအခြေအနေ






လှမျိုးခိုင်၊ သန်းဝေ၊ မိုးဇော်ဦး၊ စမျိုးမင်း၊ ချိုလွင်၊ မောင်မောင်၊ ဝင်းနိုင်ဦး၊ ခင်မောင်ထွန်း၊ မြင့်ခိုင်၊ ကျော်ကျော်ဝင်းတို့ကို သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။



ကျော်ဦး၊ ဇော်ဇော်ထွန်း၊ ဇေယျာလင်း၊ ထွေးမင်းဇော်တို့ကို သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

## ချင်းတွင်း၊ စစ်တောင်းမြစ်ရေ အခြေအနေ

နေပြည်တော် ဇူလိုင် ၁၇

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေ၀က်ခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် ၎င်းရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် အထူးဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလ၌ပေါ်ထွန်းခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါ်က် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြှုပ်ပေါ်က်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်စွမ်းအားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရပါမည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး၊ ညအခါ မီးစိမ်းထွန်း၍ ပြသထားပါသည်။ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းခြင်း မပြုရမည့် ရေလမ်းတွင် နေ့အခါအနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း၍ ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေတတ်ပြီး တံတားတိုင်များအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်တို့ကို ကြိုတင်စစ်ဆေးပြီး၊ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရပါမည်။ တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်(၂)စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်သည့် ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းရမည်ဖြစ်ပြီး မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရပါမည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်လာပါက ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

# ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest -EOI) ခေါ်ယူ

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**စားသုံးသူရေးရာဦးစီးဌာန**
**ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာ (Expression of Interest -EOI) ခေါ်ယူခြင်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန လက်အောက်ရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုသည် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ ရန်ကုန်-ပဲခူးလမ်းမကြီးဘေးတွင် တည်ရှိပါသည်။

ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစုရှိ ဓာတ်ခွဲခန်းများမှ ပြည်ပသို့ တင်ပို့သည့် လယ်ယာထွက်ကုန်သီးနှံများနှင့် ပြည်တွင်း၊ ပြည်ပမှ ထုတ်လုပ်တင်သွင်းသည့် စားသုံးဆီများ၏ အရည်အသွေးများအား ဓာတ်ခွဲစမ်းသပ်စစ်ဆေး၍ ရလဒ်များအား Test Report ထုတ်ပေးလျက်ရှိပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်(ISO/ IEC 17025) ရရှိရေး၊ ပို့ကုန်သွင်းကုန်များအား ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာတွင် အထောက်အကူဖြစ်စေရေးနှင့် စီးပွားဖြစ် တွက်ခြေကိုက်မှုရှိစေရေး (Commercialization) တို့အတွက် ပြည်တွင်းလုပ်ငန်းရှင်များနှင့် Joint Operation စနစ်ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။

သို့ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) ပုံစံကို www.doca.gov.mm တွင် download ရယူ၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၃၁) ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်သို့ လိပ်မူ၍လည်းကောင်း၊ အီးမေးလ် itqmconsumer@gmail.com သို့လည်းကောင်း ပေးပို့လျှောက်ထားနိုင်ပါသည်။

**စိတ်ဝင်စားမှုအဆိုပြုလွှာ (EOI) နှင့်အတူ ပူးတွဲတင်ပြရမည့်ကုမ္ပဏီဆိုင်ရာ အထောက်အထားများ**

(က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ပါဝင်စားကြောင်းကို တိကျသေချာစွာ ဖော်ပြ၍ ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် (Work Plan ၊ Budget Plan) နှင့်အတူ အကြောင်းကြားစာ

(ခ) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

(ဂ) အဆိုပြုကုမ္ပဏီသည် ပြည်တွင်းကုမ္ပဏီဖြစ်ရန်နှင့် နည်းပညာအရ ပူးပေါင်းဆောင်ရွက်မည့် ပြည်ပကုမ္ပဏီရှိပါက ယင်းကုမ္ပဏီ၏ အချက်အလက်များ (ပူးတွဲဖြင့် တင်ပြရန်)

(ဃ) ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီ၏လုပ်ငန်းအတွေ့အကြုံ (ပြည်တွင်းရှိ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းဌာန၊ လုပ်ငန်းအဖွဲ့အစည်း၏ထောက်ခံချက်၊ ပြည်ပတွင် ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံရှိပါက ယင်းအထောက်အထားများကို ပူးတွဲဖြင့် တင်ပြရန်)

(င) ရင်းနှီးမြှုပ်နှံလိုသည့် ကုမ္ပဏီ၏ဘဏ္ဍာရေးအခြေအနေနှင့်သက်ဆိုင်သည့် အထောက်အထားများ (ယခင် ၃ နှစ်အတွင်း လက်မှတ်ရ စာရင်းစစ်အဖွဲ့က စာရင်းစစ်ဆေးထားသည့် အစီရင်ခံစာ)

(စ) ကုမ္ပဏီနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် Contact Person အမည်၊ ရာထူး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် Email လိပ်စာ

(အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၃၄၃၀၄၅၉၊ ၀၆၇-၃၄၃၀၅၁၀)

**စားသုံးသူရေးရာဦးစီးဌာန**

**စိတ်ဝင်စားမှုအဆိုပြုလျှောက်လွှာပုံစံ**

၁။ ရင်းနှီးမြှုပ်နှံလိုသည့်ကုမ္ပဏီအမည် ----------------------------
၂။ သက်တမ်းရှိကုမ္ပဏီမှတ်ပုံတင်အမှတ် ----------------------------
၃။ ကုမ္ပဏီမှတ်ပုံတင်သည့်နိုင်ငံ ----------------------------
၄။ ကုမ္ပဏီရုံးချုပ်တည်ရှိသည့်လိပ်စာ ----------------------------
တယ်လီဖုန်း ----------------------------
အီးမေး ----------------------------
ဖက်စ် ----------------------------
ဝက်ဘ်ဆိုဒ်လိပ်စာ ----------------------------
၅။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် ----------------------------
နိုင်ငံသားစိစစ်ရေးအမှတ်/
နိုင်ငံကူးလက်မှတ်
ဖုန်းနံပါတ် ----------------------------
အီးမေး ----------------------------
၆။ ကုမ္ပဏီ၏လုပ်ငန်းအတွေ့အကြုံ ----------------------------
၇။ ကုမ္ပဏီ၏အခြားသောလုပ်ငန်းများ ----------------------------
နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည့်လုပ်ငန်းအတွေ့အကြုံ
၈။ ရင်းနှီးမြှုပ်နှံမည့်ငွေကြေးပမာဏ
(က) အခြေခံအဆောက်အဦများဖွံ့ဖြိုးတိုးတက်ရေး ----------------------------
အတွက်ရင်းနှီးမြှုပ်နှံမည့်ငွေကြေးပမာဏ
(ခ) ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများအတွက် ----------------------------
ရင်းနှီးမြှုပ်နှံမည့်ငွေကြေးပမာဏ
(ဂ) ရင်းနှီးမြှုပ်နှံမည့်စက်ပစ္စည်းကိရိယာ ----------------------------
(Brand New) အမျိုးအမည်နှင့်ထုတ်လုပ်သည့်နိုင်ငံ (နောက်ဆက်တွဲဖြင့်ဖော်ပြရန်)
(ဃ) နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ----------------------------
(ISO/IEC 17025) လျှောက်ထားရန်လိုအပ်ချက်များအတွက်ရင်းနှီးမြှုပ်နှံမည့်ငွေကြေးပမာဏ
၉။ နည်းပညာပူးပေါင်းဆောင်ရွက်မည့် (ပြည်တွင်း/ပြည်ပ) ပညာရှင်များ၏ သက်ဆိုင်ရာ အချက်အလက်များ

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးအမှတ်/ နိုင်ငံကူးလက်မှတ် | ပညာ အရည်အချင်း | ကျွမ်းကျင်မှု နယ်ပယ် | လုပ်ငန်း အတွေ့အကြုံ |
|---|---|---|---|---|---|
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |

----------------------------
လျှောက်ထားသူလက်မှတ်
အမည် ----------------------------
ရာထူး ----------------------------
ကုမ္ပဏီ ----------------------------
ဖုန်းနံပါတ် ----------------------------

# ရေဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ်ရေကြီးမှုအနေဖြင့် ဇွန်လ (မိုးဦးကာလ)တွင် တစ်ကြိမ်၊ ဇူလိုင်လမှ ဩဂုတ်လအတွင်း (မိုးလယ်ကာလ)တွင်တစ်ကြိမ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း (မိုးနှောင်းနှင့် မိုးလွန်ကာလ) တွင် တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဖြစ်ပေါ်လေ့ရှိပါသည်။ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသများအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ် ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံခြင်းများ ကြိုတင်သတိပြုရှောင်ရှားရန် လိုအပ်ပါသည်။

၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုကြောင့် နေအိမ်အဆောက်အဦပေါင်းများစွာ ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ ဒဏ်ရာရရှိမှုများပြားခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည် -

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။

(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင်ထားရှိပါ။

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ။

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ။

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်းသတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။

(ခ) တောင်ပေါ်ဒေသများ၊ ချောင်းများ၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

(ဃ) မိသားစုဝင်များကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်းယူဆောင်ထားပါ။

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန်အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။

(ဂ) သောက်သုံးရေသန့် (သို့မဟုတ်) ကျိုချက်ထားသောရေ (သို့မဟုတ်) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲသောက်သုံးပါ။

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ၊ မရှိ စစ်ဆေးပါ။

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်းမပြုလုပ်ပါနှင့်။

(စ) ရေကြီးသောဒေသများတွင် မြစ်၊ ချောင်း၊ ကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်း ကမ်းပါးများအနီးသို့ မသွားပါနှင့်။

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊ ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျ မီးရှို့ခြင်း (သို့မဟုတ်) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ။

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်းမဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်။

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့ကို ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

### အာဇာနည်ဗိမာန်သို့ လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



### အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း




## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့်မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာစစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်းလိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် ကော်ပိုက်/သံပိုက်များ ယူဆောင်၍ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့် မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး)ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျတပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ်(သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။







## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းခွဲ၊ Grade-5(B)တွင် ပညာသင်ကြားနေသော မောင်ကောင်းမြတ်သူအား **မောင်မင်းမြတ်မောင်**ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မင်းမြတ်မောင်**

## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းခွဲ၊ Grade-11 တွင် ပညာသင်ကြားနေသော ဦးဇော်ဇော်မောင်၏သမီး မချစ်ခွန်းချိအား **မချစ်ခွန်းရတီမောင်** ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မချစ်ခွန်းရတီမောင်**

## ဖခင်အမည်မှန်

စဉ့်ကိုင်မြို့နယ်၊ ဆည်ရွာအခြေခံပညာအထက်တန်းကျောင်း၊ Grade-6 တွင် ပညာသင်ကြားနေသော မဝေထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးနိုင်မိုး** ဖြစ်ပါကြောင်း။

**ဦးနိုင်မိုး(၉/စကတ(နိုင်)၀၇၇၄၃၀)**

## အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အထက(၁၄)၊ Grade-6(E) တွင် ပညာသင်ကြားနေသော (ဘ) ဦးတင်အောင်မိုး၏သား မောင်သန့်သီဟမောင်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်သန့်သီဟအောင်** ဖြစ်ပါကြောင်း။

**မောင်သန့်သီဟအောင်**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကာလိမြို့၊ ရပ်ကွက်(၁)၊ အိမ်အမှတ်(၁/၂၀၄)နေ နန်းဆိုင်ဦး(၁၃/ကဟန(နိုင်)၀၃၅၇၁၃) ၏နိုင်ငံကူးလက်မှတ်အမှတ်(MK-090734)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09-449651422**

## ဖခင်အမည်မှန်

မလှိုင်မြို့၊ စာပန်းတိုင်ကိုယ်ပိုင်ကျောင်း၊ Grade-8 အတန်းတွင် ပညာသင်ကြားနေသော မချိုအေးချမ်း၏ ဖခင်အမည်မှန်မှာ **ဦးအောင်ဇော်ထက်** ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်ထက်(၉/မလန(နိုင်)၁၇၆၀၇၄)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အထက(၁)၊ Grade-12 (မြတ်လေး)ခန်းတွင် ပညာသင်ကြားနေသော မောင်ရဲမင်းဦး၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမင်း** ဖြစ်ပါကြောင်း။

**ဦးမင်း(၈/ရစက(နိုင်)၁၃၁၄၂၃)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ အထက ဆည်ရွာ၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မောင်အောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ **ဦးထွန်းထွန်းနိုင်** ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းနိုင်(၉/စကတ(နိုင်)၀၈၂၇၀၁)**

## မီးမလောင်စေရန်ရှောင်ရှားသင့်သည့်အချက်များ




“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျစေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာ-ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း (MYANMAR-RUSSIA JOINT EXERCISE (TIGER-2026)) ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၇

စစ်မြေပြင်ဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ရေးအတွက် လေ့ကျင့်ဆောင်ရွက်သည့် မြန်မာ-ရုရှား ကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များ စုပေါင်းလေ့ကျင့်ခန်း

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မြန်မာ-ရုရှားကြည်းတပ်နှစ်ရပ်အကြား တပ်ဖွဲ့များစုပေါင်းလေ့ကျင့်ခန်း (MYANMAR-RUSSIA JOINT EXERCISE(TIGER-2026))တွင် ပါဝင်လေ့ကျင့်ခဲ့သည့် တပ်ဖွဲ့ဝင်များကို ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

(MYANMAR-RUSSIA JOINT EXERCISE (TIGER-2026))ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိ တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း လေ့ကျင့်ရေးနယ်မြေ၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလေ့ကျင့်ခန်းသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဝန်ကြီးဌာန

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

## ၇၉ နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥဩဆွဲရန်

နေပြည်တော် ဇူလိုင် ၁၇

၂၀၂၆ ခုနှစ် ဇူလိုင် ၁၉ ရက် (တနင်္ဂနွေနေ့) ၇၉ နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥဩဆွဲ အချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန၊ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုတွင် မိုဘိုင်းစခန်းအသစ် ၂၇ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး မိုဘိုင်းစခန်း ကိုးခု 4G LTE စနစ် အဆင့်မြှင့်တင်နိုင်ခဲ့

နေပြည်တော် ဇူလိုင် ၁၇

ဒစ်ဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ် ရှစ်ခုတွင် မိုဘိုင်းစခန်းအသစ် ၂၇ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး မိုဘိုင်းစခန်း ကိုးခု 4G LTE စနစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာတည်ဆောက်တပ်ဆင်ပြီးစီးခဲ့ကြောင်း ချင်းစုကျေးရွာ မိုဘိုင်းစခန်း ဖွင့်လှစ်ခြင်းအခမ်းအနားမှ သိရသည်။

စာမျက်နှာ ၂၆ ကော်လံ ၄ ❖





## တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၇

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တာဝန်ရှိသူများ၊

စာမျက်နှာ ၂၆ ကော်လံ ၄ ■

## လယ်ဝေးနှင့် ဒလမြို့နယ်တို့တွင် ပင်လယ်ပြင်သို့ပို့ဆောင်မည့် ငွေကျပ်ဘီလီယံ ၂၀ ကျော် တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၈၀၀ ကျော် ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၇

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၆ ရက် ည ၁၀ နာရီခွဲတွင် လယ်ဝေးမြို့နယ် တောင်စဉ်အေးကျေးရွာအနီးတွင် ကျော်ဦး မောင်းနှင်ပြီး ဇော်ဇော်ထွန်း လိုက်ပါလာသည့် GOVZCT ခြောက်ဘီးယာဉ်ပေါ်မှ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀၀ (ကာလတန်ဖိုး ၁၂ ဒသမ ၅ ဘီလီယံ)ကျပ်ကို ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ဇူလိုင် ၇ ရက် ည ၇ နာရီခွဲတွင် ဖမ်းဆီးရမိ အိုက်စ် (မက်သ်အဖက်တမင်း)များ

စာမျက်နှာ ၂၇ ကော်လံ ၁ ●

ကျော်ဦး၊ ချူလွင်၊ သန်းဝေခေါ်မောင်ထွန်း၊ မိုးဇော်ဦး၊ မျိုးသန်း၊ ကျော်ကျော်ဝင်း၊ ရာဇာဟိန်း ခေါ် ရာဇာ၊ ဝင်းနိုင်ဦး၊ စမျိုးမင်း၊ မောင်မောင်၊ လှမျိုးခိုင်၊ မြင့်ခိုင်တို့ကို သိမ်းဆည်းရမိသည့် မော်တော်ယာဉ်၊ အိုက်စ် (မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

